mgyoe.com SAMPLE BOOK

ပန်းရှုပြည်စာအုပ်တိုက်

ရခိုင်ဆရာတော်

ကဝိသာရာဘိ သိရီပဝရ အဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု

# ဓညဝတီ အရေးတော်ပုံကျမ်း


မြောက်ဦးမြို့ ပြည်မင်းကြီးမင်းဆက်တို့၏ အရေးတော်ပုံ






ကိုရွှေသိမ်းမင်း
စိစစ်ခင်းကျင်းသည်။

mgyoe.com SAMPLE BOOK

# ပန်းရွှေပြည် မြန်မာ့ရေးရာစာအုပ်များ







mgyoe.com

mgyoe.com SAMPLE BOOK

တန်ဖိုး
၄၅၀၀ ကျပ်
●
အုပ်ရေ
၅၀၀ အုပ်
●
ပထမအကြိမ်
၂၀၁၇ ခုနှစ် ဩဂုတ်လ
●
မျက်နှာဖုံး
မင်းဟန်
●
ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
●
ပုံနှိပ်သူ
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ် ၂၈၊ တာဝတိံသာလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
●
စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

ရခိုင်ဆရာတော်

'ကဝိသာရာဘိ သိရီပဝရ အဂ္ဂမဟာဓမ္မရာဇာဓိရာဇဂုရု'

# စေညဝတီအရေးတော်ပုံ

## မြောက်ဦးမြို့ ပြည်မင်းကြီးမင်းဆက်တို့၏ အရေးတော်ပုံ

ဝိမလ

ဒေဝကျော်ထင်

ဥတ္တမသီရိကျော်

ဝိနိရုရ

ကဝိကျော်

ဝိဇိလ

ကျော်တင်စားဝိမလ

မဟာပညာကျော်

ပညာဝံသ

လေကရိုး

ကိုယ်ရုံကြီးအမတ်

အမတ်ရွှေသဲ

မိပန်းယံ

-စသော အမတ်ပညာရှိတို့၏ လျှောက်ထုံး၊စီရင်ထုံးများ

---

ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ပန်းရွှေပြည်စာအုပ်တိုက် မဟာရာဇဝင်, အရေးတော်ပုံကျမ်းစာအုပ်များ

* ဒုတိယမဟာရာဇဝင်တော်ကြီး ခေါ် 'ဇေတဝန်မဟာရာဇဝင်တော်ကြီး'
  ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။
* မုံရွေးမဟာရာဇဝင်ကျော် (ပ,ဒု,တ,စ-၄ အုပ်တွဲ)
  ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။
* မှန်နန်းမဟာရာဇဝင်တော်ကြီး (ပ,ဒု,တ-၃ အုပ်တွဲ)
  ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။
* ဦးကုလား မဟာရာဇဝင်ကြီးနှင့် ရာဇဝင်ချုပ် (ပ,ဒု-၂ အုပ်တွဲ)
  ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။
* ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း
  ရှေးပညာရှိတို့ ပြုစုသည်။
* မဇ္ဈိမဒေသအရေးတော်ပုံကျမ်း
  ဒွါရာဝတီမြို့ဝန်မင်း နေမျိုးဇေယကျော်ထင်
* ဓမ္မစေတီအရေးပုံကျမ်း
  အမည်မသိ
* အလောင်းမင်းတရားအရေးတော်ပုံကျမ်း (မူကွဲ-၁)
  အမည်မသိ
* အလောင်းမင်းတရားအရေးတော်ပုံကျမ်း (မူကွဲ-၂)
  တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို
* 'သီဟသူရ မဟာဓမ္မရာဇာဘွဲ့'ခံ
  ညောင်ရမ်းမင်းတရားအရေးတော်ပုံကျမ်း
  မဟာအတုလမင်းကြီး

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| * | နိဒါန်း | ၇ |
| ၁- | ဝိမလနှင့် ဒေဝကျော်ထင်လျှောက်ထုံး | ၉ |
| ၂- | ဝိမလအမတ်လျှောက်ထုံး-၁ | ၁၀ |
| ၃- | ဓမ္မဒေဃျအမတ်လျှောက်ထုံး | ၁၀ |
| ၄- | ဥတ္တမသီရိကျော်လျှောက်ထုံး-၁ | ၁၁ |
| ၅- | ဥတ္တမသီရိကျော်လျှောက်ထုံး-၂ | ၁၂ |
| ၆- | ဝိမိုရ်ရလျှောက်ထုံး | ၁၃ |
| ၇- | ကဝိကျော်လျှောက်စာတမ်း | ၁၄ |
| ၈- | ဘိသိက်ခံအခမ်းအနား | ၁၆ |
| ၉- | ကဝိကျော်လျှောက်ထုံး-၁ | ၂၅ |
| ၁၀- | ကဝိကျော်လျှောက်ထုံး-၂ | ၂၆ |
| ၁၁- | ဟူးရာဖြူပုဏ္ဏား ရာဇဂုရုလျှောက်ထုံး | ၂၇ |
| ၁၂- | ဝိဗိလလျှောက်ထုံး | ၂၇ |
| ၁၃- | အစုများဖွဲ့ခြင်း | ၂၈ |
| ၁၄- | ဝိမလလျှောက်ထုံး-၂ | ၃၀ |
| ၁၅- | စစ်တကောင်းကို သိမ်းခြင်း | ၃၃ |
| ၁၆- | သက်မင်းကို သိမ်းပိုက်ခြင်း | ၃၅ |
| ၁၇- | အင်းဝမြို့တည်ခြင်း | ၃၈ |
| ၁၈- | ဝရဓမ္မရာဇာမင်း | ၄၀ |
| ၁၉- | ဝိမလလျှောက်ထုံး-၃ | ၄၁ |
| ၂၀- | ရေကြက်သားအရေး | ၄၂ |
| ၂၁- | ဝရဓမ္မမင်းက ဝိမလကို ချီးမြှင့်ခြင်း | ၄၄ |
| ၂၂- | နရမိတ်လှ နန်းတက်ခြင်း<br>အမတ်ဝိမလကို ကျွန်းပို့ခြင်း | ၄၅ |
| ၂၃- | ဝိမလအမတ်ကြီးသားကဝိကျော် လျှောက်ထုံး | ၄၉ |
| ၂၄- | ရခိုင်အလီခင်မင်းနှင့် အင်းဝနရပတိ | ၅၂ |
| ၂၅- | မင်းဗားကြီးမင်း | ၅၇ |
| ၂၆- | ကျော်တင်စားလျှောက်ထုံး-၁ | ၅၈ |
| ၂၇- | ကုလားပြည်သို့ချီခြင်း | ၅၉ |
| ၂၈- | 'ဝိမလ'ဘွဲ့ခံ ကျော်တင်စားလျှောက်ထုံး-၂ | ၆၁ |
| ၂၉- | ကုလားပြည်ကို ချီတက်သိမ်းခြင်း | ၆၅ |


mgyoe.com

mgyoe.com SAMPLE BOOK


၃၀- ကုလားပြည်မှ ပြန်ခြင်း ၆၉
၃၁- မဟာပညာကျော်လျှောက်ထုံး-၁ ၇၂
၃၂- ကျော်ထင်နော်ရထာနှင့် အမတ်ပြည်စိုးကြီးဓမ္မဇေယျ ၇၅
၃၃- မဟာပညာကျော်လျှောက်ထုံး-၂ ၇၇
၃၄- မဟာပညာကျော်လျှောက်ထုံး-၃ ၈၀
၃၅- မဟာပညာကျော်လျှောက်ထုံး-၄ ၈၂
၃၆- မဟာပညာကျော်လျှောက်ထုံး-၅ ၉၀
၃၇- မဟာပညာကျော်လျှောက်ထုံး-၆ ၉၁
၃၈- မဟာပညာကျော်လျှောက်ထုံး-၇ ၉၅
၃၉- မဟာပညာကျော်လျှောက်ထုံး-၈ ၉၇
၄၀- မဟာပညာကျော်လျှောက်ထုံး-၉ ၉၇
၄၁- မဟာပညာကျော်လျှောက်ထုံး-၁၀ ၉၈
၄၂- မဟာပညာကျော်လျှောက်ထုံး-၁၁ ၉၉
၄၃- မဟာပညာကျော်လျှောက်ထုံး-၁၂ ၁၀၂
၄၄- မဟာပညာကျော်လျှောက်ထုံး-၁၃ ၁၀၇
၄၅- မဟာပညာကျော်လျှောက်ထုံး-၁၄ ၁၀၈
၄၆- မဟာပညာကျော်လျှောက်ထုံး-၁၅ ၁၀၉
၄၇- မဟာပညာကျော်လျှောက်ထုံး-၁၆ ၁၁၀
၄၈- မဟာပညာကျော်လျှောက်ထုံး-၁၇ ၁၁၂
၄၉- မဟာပညာကျော်လျှောက်ထုံး-၁၈ ၁၁၄
၅၀- မဟာပညာကျော်လျှောက်ထုံး-၁၉ ၁၁၅
၅၁- မဟာပညာကျော်လျှောက်ထုံး-၂၀ ၁၂၀
၅၂- မဟာပညာကျော်လျှောက်ထုံး-၂၁ ၁၂၃
၅၃- မဟာပညာကျော်လျှောက်ထုံး-၂၂ ၁၂၅
၅၄- မဟာပညာကျော်လျှောက်ထုံး-၂၃ ၁၂၆
၅၅- မဟာပညာကျော်လျှောက်ထုံး-၂၄ ၁၂၈
၅၆- မဟာပညာကျော်လျှောက်ထုံး-၂၅ ၁၂၉
၅၇- မဟာပညာကျော်လျှောက်ထုံး-၂၆ ၁၃၀
၅၈- မဟာပညာကျော်လျှောက်ထုံး-၂၇ ၁၃၂
၅၉- မဟာပညာကျော်လျှောက်ထုံး-၂၈ ၁၃၃
၆၀- မဟာပညာကျော်လျှောက်ထုံး-၂၉ ၁၃၄
၆၁- မဟာပညာကျော်လျှောက်ထုံး-၃၀ ၁၃၆
၆၂- မဟာပညာကျော်လျှောက်ထုံး-၃၁ ၁၃၈


mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| ၆၃- | မဟာပညာကျော်လျှောက်ထုံး-၃၂ | ၁၄၁ |
| ၆၄- | မဟာပညာကျော်လျှောက်ထုံး-၃၃ | ၁၄၄ |
| ၆၅- | မဟာပညာကျော်လျှောက်ထုံး-၃၄ | ၁၄၅ |
| ၆၆- | မဟာပညာကျော်လျှောက်ထုံး-၃၅ | ၁၄၇ |
| ၆၇- | မဟာပညာကျော်လျှောက်ထုံး-၃၆ | ၁၄၉ |
| ၆၈- | မဟာပညာကျော်လျှောက်ထုံး-၃၇ | ၁၅၁ |
| ၆၉- | မဟာပညာကျော်လျှောက်ထုံး-၃၈ | ၁၅၆ |
| ၇၀- | သား၊ ဘထွေးတို့ သင့်တင့်သွားခြင်း | ၁၆၄ |
| ၇၁- | မဟာပညာကျော်လျှောက်ထုံး-၃၉ | ၁၆၅ |
| ၇၂- | မဟာပညာကျော်လျှောက်ထုံး-၄၀ | ၁၆၇ |
| ၇၃- | မဟာပညာကျော်လျှောက်ထုံး-၄၁ | ၁၈၀ |
| ၇၄- | ပညာဝံသလျှောက်ထုံး-၁ | ၁၈၆ |
| ၇၅- | ပညာဝံသလျှောက်ထုံး-၂ | ၁၈၇ |
| ၇၆- | ငလက်ရုံးလျှောက်ထုံး | ၁၉၀ |
| ၇၇- | လောင်းကြက်စား မင်းဖြစ်ခြင်း | ၁၉၃ |
| ၇၈- | လောင်းကြက်စား၏ကုသိုလ်တော် | ၁၉၅ |
| ၇၉- | ရွှေရေးမိဖုရားနှင့် အမတ်သံတောင်စား | ၁၉၈ |
| ၈၀- | သားတော်အလတ်ကို ထီးနန်းအပ်ခြင်း | ၂၀၁ |
| ၈၁- | ဝိဇယမင်း စစ်အောင်ချေင်း | ၂၀၃ |
| ၈၂- | ကိုယ်ရံကြီးအမတ်လျှောက်ထုံး | ၂၀၆ |
| ၈၃- | အင်းဝမင်းအမတ် ဝင်စားလာခြင်း | ၂၀၉ |
| ၈၄- | စိန်တင်စားအမတ်ရွှေသဲလျှောက်ထုံး-၁ | ၂၁၁ |
| ၈၅- | စိန်တင်စားအမတ်ရွှေသဲလျှောက်ထုံး-၂ | ၂၁၅ |
| ၈၆- | မြို့သစ်စားအမတ်ရွှေသဲလျှောက်ထုံး-၃ | ၂၁၇ |
| ၈၇- | မြို့သစ်စားအမတ်ရွှေသဲလျှောက်ထုံး-၄ | ၂၁၈ |
| ၈၈- | ဝိမလမင်း | ၂၂၁ |
| ၈၉- | မြို့သစ်စားမယား မိပန်းယံ လျှောက်ထုံး | ၂၂၁ |
| ၉၀- | ဝိမလမင်း စနည်းနိမိတ် နာခြင်း | ၂၂၆ |
| ၉၁- | ဝိမလမင်း၏ အဆုံးအဖြတ် | ၂၂၈ |
| ၉၂- | ဓမ္မရာဇ်ရာဇာမင်း | ၂၂၉ |
| ၉၃- | မဟာသမ္မတမင်း | ၂၂၉ |
| * | ဓညဝတီ ပထမမြို့တည်မင်းဆက် | ၂၃၁ |
| * | အက္ခရာစဉ်အညွှန်း | ၂၄၁ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

စတ္တာရောမေ ဘိက္ခဝေ ဗဟုလီကတာ။ နိဗ္ဗာနဿ သစ္ဆိကိရိယာယ သံဝတ္တန္တိ။ ။ ကတမေ။ သပ္ပုရိသသံဝါသောသဒ္ဓမ္မဿဝနံ။ ယောနိသော မန သိကာရော။ ဓမ္မာနုဓမ္မပဋိပတ္တိ။ ဣမေဓမ္မာ။

ဘိက္ခဝေ–ချစ်သား ရဟန်းတို့၊ စတ္တာရော–၄ ပါးကုန်သော။ ဣမေဓမ္မာ–ဤအကြောင်းတရားတို့သည်။ ဗဟုလီကတာ–အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ နိဗ္ဗာနဿ–နိဗ္ဗာန်ကို။ သစ္ဆိကရိယာယ–မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ–ကောင်းစွာဖြစ်ကုန်၏။ ကတမေ–အဘယ် တရားတို့နည်း ဟူမူကား။

၁။ သပ္ပုရိသသံဝါသော–သူတော်ကောင်းကို ဆည်းကပ်ရခြင်းသည် လည်းကောင်း။

၂။ သဒ္ဓမ္မဿဝနံ–သူတော်ကောင်းတို့၏ တရားစကားကို ကြားနာရခြင်းသည် လည်းကောင်း။

၃။ ယောနိသော မနသိကာရော–ပညာရှိ သူတော်ကောင်းတို့ဆိုခဲ့သော စကားဟောင်းကို လည်းကောင်း, ဆဲဆိုစကားကို လည်းကောင်း, အသင့် နှလုံးသွင်းရခြင်းသည် လည်းကောင်း။

၄။ ဓမ္မာနုဓမ္မာပဋိပတ္တိ–လောကုတ္တရာတရား ၉ ပါးနှင့် လျော်သော အကျင့်ကို ကျင့်ရခြင်းသည် လည်းကောင်း။

ဣမေဓမ္မာ–ဤအကြောင်းတရားတို့သာလျှင်။ နိဗ္ဗာနဿ–နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ–မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ–ကောင်းစွာဖြစ်ကုန်၏။


mgyoe.com

mgyoe.com SAMPLE BOOK


ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ အိန္ဒိယတိုင်း၊ အယုဇ္ဈပုရတိုင်း၊ ရက္ခပူရတိုင်း၌ စိုးတော်မူသော သာကီဝင်မင်း အဆက်ဆက် ထိုမင်းတို့ လက်ထက်တော် မှူးမတ်တို့ လက္ခဏာဂုဏ်အင်္ဂါ ၈ ပါးနှင့် ပြည့်စုံသော အမတ် လည်းကောင်း၊ ပြည့်ရှင်မင်းမှာလည်း ဒသ ၁၀ ပါးသော မင်းကျင့်တရားတို့ဖြင့် လည်းကောင်း၊ အပ္ပမာဒတရား ၄ ပါး၊ သာစုနရ စသည် ၄ မည် တည်ကြည်သော ဘုန်းကျက်သရေဖြင့်၊ ဝံသာနုရက္ခိတော-အမျိုးကို စောင့်ထိန်းတော်မူသော မင်းနှင့် အမတ်တို့ ထုံးဥပဒေများကို ပညာရှိစကား မတိမ်စေရာ။ ရှေးဘုရားအလောင်း သူတော်ကောင်းတို့မူလည်း 'ကောင်းသော စကားမင်္ဂလာကို အရှည် တည်စေရာသည်။' ကျမ်းဂန်မှာ ရှိသည့်အတိုင်း မင်းကောင်း၊အမတ်ကောင်းတို့ ထုံးကို အက္ခရာပီပြင်စွာဖြင့် ရေးသားကောက်နုတ်၍၊ ကမ္ဘာတည် သမျှ မင်းကောင်း၊ အမတ်ကောင်း၊ သူတော်ကောင်းတို့ မှတ်သားဖွယ် ထားပေအံ့။


mgyoe.com

mgyoe.com SAMPLE BOOK

၁

## ဝိမလနှင့် ဒေဝကျော်ထင်လျှောက်ထုံး

သာကီဝင်မင်းမျိုး ဥညဝတီ ဒုတိယမြို့တည် ကံရာဇာမင်းကြီးက သားမြေး ၂၈ ဆက်မြောက် မင်းသီရိရာဇာ စက်တော်မူရာ၌ 'နေ, လကို ဆွတ်ယူ၍၊ မိဖုရားကြီး ဝိမလဒေဝီကုမ္ဘာရီသို့ ပေး' မက်တော်မူလေသော်၊ မင်းဘွဲ့ခံရာ၌ မှူးမတ်တို့သို့ အိပ်မက်ကို ပြန်တော်မူရာ၊ ယင်းသောအခါ

မင်းထုံးစား ဝိမလအမတ်, ပြောင်းပြာစား ဒေဝကျော်ထင်တို့ လျှောက်သောထုံးတော်ကား

"အရှင်မင်းမြတ်။ 'သူရိယေ-နေကိုသာ ဆွတ်ယူ၍ပေး။'မက်တော်မူလေသော်၊ ဘုန်းအာဏာ ကျက်သရေတောက်ထွန်းသော သားတော် ဖွားမြင်ရာသည်။ 'စန္ဒာရာ-လကို ဆွတ်ယူလျက်ပေး။'မက်လျှင်လည်း စကြာမန္ဓာတ်မင်းနှင့်ထိုက်သော သမီးတော်ကို ဖွားမြင်သည်အမှန် ဖြစ်ပါသည်။ ယင်းသို့အကြောင်း ရှေးထုံးဟောင်းအလာ ရှိပါသည်။ ယခု ထင်မြင်တော်မူသော အိမ်မက်တော်တွင် 'နေ,လ အစုံကို ဆွတ်ယူတော်မူ၍ မိဖုရားကြီးသို့ပေး။' မက်တော်မူသည့်အလို၊ ဇမ္ဗူဒီပါကျွန်း၌ အဖက်မရှိအောင် ဘုန်းရောင်ထွန်းလင်း အမင်းမင်းတို့ ညွှတ်လာရသော သားတော်မြတ် ဖွားမြင်တော်မူပါမည်။ လရောင်ပမာ ချမ်းအေးစွာ သတ္တဝါတို့အတွက် အထွတ်အထိပ်ဖြစ်တော်မူသော ဘုရားအလောင်း ဓမ္မတာ ဝိဇ္ဇာပွင့်၍ သားတော်နှင့် ဖူးတွေ့မည့်အကြောင်း မဟာမင်္ဂလာကြီး မြင်မက်သော အိပ်မက်တော် ဖြစ်ပါသည်။"

ပညာရှိအမတ်တို့ လျှောက်သော်၊ ပြည့်ရှင်မင်းက ၁၀၀၀ တန်သော ပတ္တမြားလက်စွပ် ၁ ကွင်း, ဆင်ပေါက် ၁ စီးစီ အမတ် ၂ ယောက်အား ဆုပေးတော်မူလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၆
## ဝိမလအမတ်လျှောက်ထုံး–၁

ထိုမင်းသားကို ဖွားမြင်တော်မူသောအခါမှုလည်း ကြယ်ဥပါ သပိတ်လုံးခန့် အနောက်အရပ်က ပျံလာ၍ နန်းတော်ပြာသာဒ်၌ ကျလာရာ၊ ထိုအကြောင်းကို အမတ်ပညာရှိ မင်းထုံးစားဝိလမ လျှောက်သည်ကား

"အရှင်မင်းမြတ်။ ဥပါကြယ်ကြီးသည် အနောက်မျက်နှာက ပျံလာလျက် နန်းတော်ပြာသာဒ်မှာ ထွန်းသည်အလို သားတော်လက်ထက်၌ ဘုံ ၃ ပါးတွင် အတုမရှိသော မြတ်စွာဘုရား ကောင်းကင်ခရီးဖြင့် မဇ္ဈိမဒေသမှ ပြန်ကြွတော်မူခဲ့၍ ဤရက္ခပူရတိုင်း ဓညဝတီမြို့သို့ ရောက်မည့်အကြောင်းကို ပြသော တိတ်နိမိတ်မင်္ဂလာ ဖြစ်ပါသည်။"

လျှောက်လေသော်၊ ပြည့်ရှင်မင်းက စားကျေး တစ်မြို့ ပေးတော်မူလေ၍၊

နေ, လကို အကြောင်းပြု၍ သားတော် 'စန္ဒာသူရိယ' ဟူသောအမည်ကို ပေးတော်မူလေသည်။

## ၃
## ဓမ္မဇေယျအမတ်လျှောက်ထုံး

စန္ဒသူရိယမင်း သက်တော် ၂၆ နှစ်တွင် ခမည်းတော်ရိုက်ရာကို စိုးတော်မူ၏။

သက်တော် ၅၅ နှစ်ရှိသောအခါ မြေပြင်းစွာလှုပ်သည်။ ဂြိုဟ်သွားမညီ ဆုတ်,တက် နေသည်။ နန်းတော်မှာပျားစွဲသည်။

ထိုသို့အတိတ် ၃ ပါးကို ပညာရှိ အမတ်မျိုး တောင်ကုတ်စား ဓမ္မဇေယျ လျှောက်သည်ကား

"အရှင်မင်းမြတ်။ မြေလှုပ်သောအလို ဓာတ် ၄ ပါး အခိုးဖြင့် ဥတု ၃ ပါး၌ခိုက်သော အခါကြိမ်လတ်မှု မြေ တုန်လှုပ်မြဲ ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

"ဂြိုဟ်ဆုတ်, တက် ပြုသည်မှာလည်း နက္ခတ် ၂၇ လုံး စသော အတွင်းတာရာ, ပြင်တာရာ ကြယ်တို့သည် နေအား ပဓာနပြုလျက်သွားကြရာ နေသည် ဒက္ခိဏာယဉ်, ဥတ္တရာယဉ်-အသွား၌ လွန်၍သွားသော်၊ လ ရက်ရပ်၍ နေသော် နာရီ, ဗိဇနာ, အခရာတို့၌ နက္ခတ်တာရာတို့သည် လကိုယှဉ်လျက် သွားမြဲမပြု မလိုက်နိုင်ရာ။ ထိုသို့ အစိတ်အဖြာကို မသိနိုင်သောသူအား ဂြိုဟ် သွားဆုတ်, တက် သမုတ်လေ၍ ပြက္ခဒိန်လာသည့် အမှုသာ။ မင်း၌ မည်သို့ အပြစ်မရှိပါ။

"နန်းတော်မှာ ပျားစွဲသည့်အလို- ထိုပျားသည် အရည်ကို ထားခဲ့၍ ပျံလေသော်၊ ပြည့်ရှင်မင်းကို တိုင်းတစ်ပါးက အထူးထူးသောလက်ဆောင် ဆက်သွင်းရောက်ပါလိမ့်မည်။ အိမ်မဖွဲ့ ပျံသော်လည်းကောင်း, အိမ်ဖွဲ့၍ အရည် ကိုစုပ်ယူ ပျံသော်လည်းကောင်း ပျားပျံသောအရပ်ကို တူရူ ခေါင်းဆေးတော် မူရပါမည်။"

ယင်းသို့ လျှောက်လေသော်၊ သက်တော် ၅၂ နှစ်တွင် သကလဘိသိက် စန္ဒသူရိယမင်း ခံတော်မူ၍၊ ပိုင်တော်မူသောနိုင်ငံများ၌ စေတီ, ရုပ်ပွား, ရေကန်, ရေတွင်း, တံတား, ဆည်းကာ, ကျောင်း, ဇရပ် သက်တော်စေ့ ကောင်းမှုပြု ပြီးလျှင်၊ ဓမ္မဓေယျအမတ်ကို အဖဝိမလစားသော မင်းထုံးမြို့ကို ထပ်၍ စားကျေး ပေးတော်မူလေသည်။

## ၄
## ဥတ္တမသိရိကျော်လျှောက်ထုံး-၁

စန္ဒသူရိယမင်းကသည် သား,မြေးဆက်ကာ မင်းဆက် ၂၀ အဆုံး သူရိယကေတုမင်းတွင် သားယောကျ်ား မရှိ၍ သားဆု တောင်းလေသော်၊ ငှက်လင်းတ တစ်ခုသည် သားတစ်ကိုချီ၍ နန်းတော်တွင် နားလာသည်။

ထိုတိတ်နိမိတ်ကို ပညာရှိအမျိုးစဉ် ဆက်လာခဲ့သော သောင်းတီးစား ဥတ္တမသိရိကျော် လျှောက်သည်ကား-


mgyoe.com

mgyoe.com SAMPLE BOOK

"အရှင်မင်းမြတ်။ ငှက်မျိုးတွင် လင်းတသည် အသက်ရှိသော သတ္တဝါတို့၌ အသက်ကုန်မှစားပါသည့် ငှက်သူတော်။ မိမိတို့ သွားရာသို့လည်း အစာကို ချီယူပုံရိုး မရှိ။ မိဘတို့စားခဲ့သော အာဟာရနှင့်သာ ကြီးပြင်းအောင် မွေးကျွေးပါသည်။ ထိုငှက် သားတစ်ကို ချီယူလျက် နန်းတော်မှာနား၍ သားတစ်ကို ချထားခဲ့သည့်အလို- ဘုန်းပညာကျက်သရေ ပြည့်စုံတော်မူသော သားတော်ကို အရှင်မိဖုရား ဖွားမြင်တော်မူပါမည်။"

-လျှောက်လေသော်၊ ပြည့်ရှင်မင်းက ပတ္တမြားလက်စွပ် ၁ ကွင်း ဆုပေးတော်မူသည်။

## ၅
## ဥတ္တမသီရိကျော်လျှောက်ထုံး-၂

ထိုမင်းသားတော် မဟာသူရိယ တဥ္စန္ဒရာ-ငှင်းသားတော် သူရိယတဥ္စန္ဒရာနှင့် ပေးမြားရန်ကို မေးတော်မူလေသော်၊ ပညာရှိအမတ် သောင်းတီးစား ဥတ္တမသီရိကျော် လျှောက်သည်ကား

"အရှင်မင်းမြတ်။ ပတ္တမြားကျောက်ကောင်းတို့တွင် ဂေါပလ္လေ*စသော အနာရှိလျှင် မင်း မသုံးရ။ စိန်ကျောက်တို့တွင် ခလုတ်တောစာ ငယ်နာမစင် တောကြောင်မွေးမှင် စသော အပြစ် မကင်းလျှင် မင်း မသုံးထိုက်။ မျိုးစပါးတို့မှာလည်း အရောရောပါလျှင် အပင်အသီး မညီ။ ရွှေ၌လည်း ကြေးနီ၊ ငွေ၊ သံ မလွတ်လျှင် အရည်အသွေး မဖြောင့်။ ထို့အတူ သာကီဝင်မင်းတို့၌လည်း နွယ်တော်ဝံသစင်မှ အမျိုးတူစွာ စဉ်လာကြီးမြင့် အကျင့်မဖောက်စေလို၍၊ ရှေးဘေးလောင်းတော်၊ ဘိတော်၊ ခမည်းတော် ထီးနန်းမင်းဆက် မောင်နှမရင်းချာ ပေးမြားတော်မူခဲ့ကြောင်း ထုံးဟောင်းနှင့် ဖြစ်ပါသည်။ သားတော်နှင့် သမီးတော် စောပြည့်ညီ့ကို ပေးမြားတော်မူလျှင် မြင့်မြတ်လှပါသည်။"

---

* 'ဂေါပလ္လေ' ဆိုသည်မှာ- ကျောက်မျက်ရတနာတွင် ပါဝင်တတ်သော အပြစ်အနာ အဆာတစ်မျိုး ဖြစ်၏။

မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာ ပုဒ်ရေ ၂၉၆ တွင် 'ပတ္တမြားစင်တွင်၊ ဂေါမစင်နှင့်၊ စိတ်ပင်ဟုတ်လည်း၊ ခလုတ်တောစာ၊ ငယ်နာကြောင်မွေး၊ ပြစ်ဆေးမရှင်း၊ မလွတ်ကင်းက၊ မင်းမသုံးရ' ဟု ဆို၏။

mgyoe.com

- လျှောက်လေသော်၊ သားတော် သူရိယတဥ္စနရာနှင့် သမီးတော်စော ပြည့်ညှိုကို မောင်နှမရင်းချာ ပေးမြားတော်မူ၍၊ ပညာရှိအမတ်ကို ငွေသပြာ ၁၀၀ ဆုပေးတော်မူလေသည်။

## ၆

## ဝိမိုရ်ရှလျှောက်ထုံး

ထိုမင်းက သားမြေးဆက်ကာ ၈ ဆက်အဆုံး၊ စူဠတဥ္စနရာမင်းသည် ကုလားမင်းကဆက်သော ကုလားမင်းသမီး, ပြူမင်းကဆက်သော ပြူမင်းသမီးတို့ စကားကိုသာ နားထောင်လျက် တောတောင်အနှံ့ လှည့်ပတ်ပျော်ရွှင် ပညာမဲ့သော မှူးမတ်နှင့်သာ ပေါင်းဖက်နေလေရာ၊

ရှေးပညာရှိတို့ အမျိုးစဉ်လာ စစ်တကောင်းမြို့စား ဝိမုံရ်ရှအမတ် လျှောက်သည်ကား

''အရှင်မင်းမြတ်။ ရှေး ဘိတော်, ဘေးတော်, ခမည်းတော်တို့ထုံးကို ဖျက်သင့်သည် မဟုတ်ပါ။

- 'အများသေင်္ဂနင်း မင်းဖြစ်စင်ဖြစ်လျက်၊၏
  အပြက်အချော်၊ သရော်ကြမ်းတမ်း၊
  သော့သွမ်းသောအမူကို မလေ့လာရာ။
- 'မင်းတို့စကား အမှားထွက်ဝင်၊
  ဆိုချေလျှင်၊ မူပြည်သူရိပါး စစ်မက်များသည်။
- အပျော်အရွှင်၊ သဘင်ပြွမ်းသော် လူသွမ်းသည်။
- အမူ့တကာ၊ ယုတ္တာယုတ္တိ၊ မင်းမညှိလျှင် ပြည်ရိသည်။
- ချောပစ်စကား၊ မင်းပါးအမတ်၊
  လျှောက်တင်လတ်သော်၊
  ရိပ္ပတ်သတ္တဝါ၊ မြို့ရွာကျေးကျွန်၊ မှသားထွန်သည်။


mgyoe.com

– ဥတုရာသီ၊ မညီ နေ,လ၊
အာကာသဓာတ်၊ နက္ခတ်ဂြိုဟ်သွား၊
မတရားလျှင်၊
နာဖျားလည်းထူ၊ ခိုးသူနှောင့်ယှက်၊
မိုးလည်းဖျက်သည်။'

ထိုသို့ ရှေးထုံးဟောင်းအထွက်နှင့် လျှောက်လေသော်၊ ထိုမင်း အမျိုးအရိုးမှန်လျက် လူပျက်စကားကို နာမိလေ၍၊ လှည့်ပတ်ရာအရပ်၌ နေရစ်လေ၍ သေလေသည်။

## ၇
## ကဝိကျော်လျှောက်စာတမ်း

ထိုမင်းကနောက် ၁၆ ဆက် မင်းတို့အဆုံး ကောလိယမင်းသားတော် အိမ်ရှေ့ ကုမ္ဗာဘယ သက်တော် ၂၀ တွင် ထီးနန်းတက်လေရာ၊ 'ဒသရာဇာ' အမည်ကို ခံတော်မူသည်။ သက်တော် ၁၅ နှစ်တွင် ဘိသိက်ခံတော်မူသည်။

အမိန့်တော်ရှိသောအခါ၊ ဘိသိက်ခံသော ကိရိယာအင်္ဂါ စုံအပ်သော အကြောင်းကို ရှေးပညာရှိအမျိုး အမတ်ကဝိကျော် လျှောက်သောစာတမ်းမှုကား–

'နွယ်မြစ်စဉ်လာ၊ မြတ်ရာဇာတို့၊
စကြာရောက်ရာ အကြောင်းပေ။
ပရမေဘုန်းသမ္ဘာ၊ မဟာဇိနိန်၊
သာကိန်ဧကရာတို့၊ ကြီးကျယ်စွာ မင်းတံဆိပ်၊
ဘိသိက်တော်ခံ၊ တိုင်းနိုင်ငံကို၊
စိုးစံကွပ်ညှပ်နှိပ်၍၊ လူတို့ထိပ်ရှေးစဉ်လာ၊
ဘိသိက်သွန်းရိုး၊ မော်ကွန်းထိုးသည်။
မင်းမျိုးမြတ်ကညာနှင့်၊ လက်ယာရစ် ခရုသင်း၊
မင်းတို့သုံးရ။

၁၄



mgyoe.com

ဗြဟ္မဏလည်း၊ မူလသိက္ခာ၊
ကျမ်းအမှာကို၊ မှန်စွာကျင့်ရိုး၊
ဘီ, ဘိုးဆင်းသက်၊ ဘိသိက်ဆက် မှန်ရာ၏။
ဂင်္ဂါငါးရပ်ရေ၊ စီးထွေမပြန်၊
ဝဋ္ဋကြာမျိုး၊ မညိုးပန်းသပြေနှင့်၊
ညွန့်ဝေမြက်မြေဇာ၊ ရေသဖန်းပျဉ်၊
ယှဉ်သည်နံ့သင့်ရာ၌၊ ပန်းစုံစွာသစ်လေးပင်၊
တောင်မြောက်လေးရပ်၊ တင့်အပ်စိုက်ထားခြင်းမှ၊
စစ်အင်္ဂါလေးပါးခင်း၊
ပုဏ္ဏားငါးရာ၊ ဖြူစွာခရုသင်းနှင့်၊
သဲတလင်းညီညွတ်ရာ၊
ဂင်္ဂါမြစ်ကမ်း၊ ပွဲလမ်းမပျက်၊
မဏ္ဍပ်သုံးဆောင်မှာလည်း၊ ဖြူ, ဝါ, နီ ဆင် စရှိ။
ငှက်ပျော, ကြံ, အုန်း၊ ပင်လုံးသီးပင်၊
ဝန်းကျင်ရေပြည့်အိုးနှင့်၊
မညိုးသပြေ၊ ရွက်ဝေ ဒန်း,ဆပ်သွား၊
ခရာခက်ဆိုင်၊ စကားလှိုင်၍၊
သင်းကြိုင်စေ ကြောင်းထားမှ။
ဖြောင့်မမှားသည်၊ တရား၌လိမ္မာ၊
အမတ်သူဌေး၊ ဘီ,ဘေးရိုး မှန်စွာနှင့်၊
မင်္ဂလာအခါ နက္ခတ်ကောင်း။
ပညာမြော်မြင်၊ ရေမြေရှင်လည်း၊
ဂုဏ်လျှင်အသိ၊ အဂတိလေးပါး၊
တရား တည်စေကြောင်းတည့်။
ရှေးထုံးဟောင်း ကျမ်းအလာ၊ မညီယုတ်တက်၊
ပေါ့ပျက် မရှိသာခဲ့၊
ကြီးတေဇာ ကျွန်းလုံးမိုး။



mgyoe.com

mgyoe.com SAMPLE BOOK

ဘိသိက်ခံပြီး၊ သစ္စာကြီးသည်၊
စောထီးမင်းကောင်းမျိုးတို့။ ဆိုရိုးရှေးအမှာ၊
ကိုယ်၏အသက်၊ ပုရွက်ခြပုန်း၊
နှလုံးမသာတည့်။
သတ္တဝါကို၊ မေတ္တာထုံးခွေရစ်၊
ညွှန့်သစ်တက်လေ၊ ကျက်သရေကြောင့်၊
ဖြိုးဝေ လူ့နတ်ချစ်၏။
လေးပါးအပြစ်၊ ရှင်းရှင်းကင်းကွာ၊
ပြည်သူလုပ်ခွန်၊ မလွန်စားဖို့ရာသည်၊
မဟာနွယ်မြစ်၊ ဘုန်းပွင့်သစ်။
'ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊
သူတော်စိတ်သည်၊
မဖိတ်ကျင့်ရိုး မြတ်အမျိုး။'

## ၈
## ဘိသိက်ခံအခမ်းအနား

ယင်းသို့ စာဟောင်းနှင့်အညီ၊ ပြည့်စုံစွာ ဒသရာဇ မင်းခံတော်မူသော ရာဇဘိသေကအခန်းကား ရှေး ဘေးတော်, ဘိုးတော်, ခမည်းတော်တို့ ခံသည့် ဘိသိက်နည်း။

- နှစ်ဦးအပေါ် ကဆုန်လဆန်း ၁၅ ရက်နေ့၌ လည်းကောင်း။
- မြေမနာ နေ,လ နက္ခတ် မပုပ်သောနှစ် လည်းကောင်း။
- နက္ခတ် မပြိုသောနှစ် လည်းကောင်း။
- ဘိသိက်ခံမဏ္ဍပ် သုံးဆောင်ရာ,ဆောက်ရာ ဂင်္ဂါမြစ်နား၌ မြေဖြူ, မြေနီ ရှိသော သေလောဒကမြေ၌ လည်းကောင်း။
- ဘုရားကျောင်းမြေ လွတ်သောအရပ်၌ လည်းကောင်း။

ယင်းသို့သော မင်္ဂလာရှိရာ အဋ္ဌနဒိဌ မှို့မြစ်ကျက်သရေရှိသော ဘုမ္မိ အရပ်ဝယ် မင်္ဂလာပြုသော မဏ္ဍပ် ၃ ဆောင် ဆောက်ရာ အရပ်၌ ကလိန်တောင်


mgyoe.com

မြေ၊ အမရာတောင်မြေ၊ အောင်သာမြို့မြေ၊ သီရိဂုတ် တောင်မြေ၊ ကတညျူ တောင်မြေ၊ နီလာတောင်မြေ၊ မေရုပဗ္ဗတတောင်မြေတို့ကို ဆောင်ယူ၍ ထားရာ၏။

မင်္ဂလာမဏ္ဍပ်ဆောက်ရန် သစ်၊ ဝါး၊ ကြိမ်တို့ကို အသည်သားတို့က ရင်း၊ဖျား မမှားစေရ။ မှတ်သားခုတ်ယူ၍ ပေးရလေ၏။ အမိုး၊ ကန့်လန့်ကာ ရွက်တို့ကို မွန် မြောက်စည်သားတို့က ပေးရလေ၏။

ယင်းသို့ အမိုး သစ်၊ ဝါး စုံလတ်သော်၊ မင်္ဂလာမဏ္ဍပ် ဆောက်ရာ အရပ်၌ ရွှေထွန်၊ ငွေထွန်၊ သံထွန် ၃ ရပ်။ ရွှေထွန်မှာ အမျိုးအရိုး သူဌေးမှန် သူ၏ သား ဝါမောင်းသောတန်ဆာကို ဆင်လျက် ထွန်ရလေ၏။ ငွေထွန်မှာ အမျိုးစဉ်ဆက် သူကြွယ်မှန်သောသူ၏သား နီမောင်းသောတန်ဆာကို ဆင်၍ ထွန်ရလေ၏။ သံထွန်မှာ အမျိုးစဉ်ဆက်ကြီးသော တောင်သူကြီးသား စိမ်း သောတန်ဆာကို ဆင်၍ ထွန်ရလေ၏။

ထို ၃ ရပ်သောထွန်တို့၌ သော်ကား နွားလားဥသဘနှင့် တစေ ထွန်ရ လေ၏။

ယင်းသို့ပြီးလတ်မှ နွားနို့ရည်ကို အနံ့ဖျန်းရလေ၏။

ယင်းသို့ပြီးလတ်သော် နွားချေးမှုန့်ဖြင့် အနံ့ဖြူးရလေ၏။

ယင်းသို့ပြီးလတ်သော် မုယော၊ နှမ်း၊ ဝါ၊ ပြောင်း၊ ပဲ၊ စပါးများကို ကြဲဖြန့်လေရာ၏။

ထိုသို့ပြီးလျှင် ထောင့်ခြံလုံ့စွာ ရာဇမတ်ကာလျက်၊ ဟုံးနတ်ပူဇော်သော ပုဏ္ဏားတို့က စန္ဒီ၊ ပရမီသွာ၊ မိဿနိုး စသောနတ်တို့ကို လှည်းရထား ဖြင့်တင်၍ ရာဇမတ္တန်ကျမ်းလာ ဂါထာမန္တန်တို့ကို ရွတ်ဖတ်ရလေ၏။

ယင်းသို့ ပြီးလတ်သော် သံဃာတော်၊ ပရောဟိတ်-၁၂ ပါး သံဃာ ဂိုဏ်းပြည့် ဘူမိဇာလ စသော အောင်ခြင်း ၈ ပါးအစုံ၊ မင်္ဂလသုတ်ပရိတ်၊ ရတနသုတ်ပရိတ် စသော ပရိတ်တော်ကို ရွတ်ရလေ၏။ ကမ္မဝါစာလည်း ဖတ်ရ၏။



mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသို့ပြီးသော် နတ်ပူဇော်ပုဏ္ဏားတို့က သရဏာသရိရိန္ဒဘုမ္မိ ဇာလဂါထာကို ရွတ်လျက် ခရုသင်းသံ ပေးရလေ၏။

ယင်းသို့ပြီးလတ်မူ မင်္ဂလာမဏ္ဍပ် ဆောက်ရန် သစ်, ဝါး, ကြိမ်, အမိုး, ကန့်လန့်ကာတို့၌ ပရိတ်တော်ရေ, ခရုသင်းရေတို့ဖြင့် ဖြန်းစေရာ၏။

ယင်းသို့ပြီးမှ ဟူးရားသွေး ပုဏ္ဏား ၄ ယောက်နှင့်, ဟူးရားတတ် ပုဏ္ဏား ၁၀၈ ယောက်တို့သည် ဖြူစင်သောတန်ဆာဆင်လျက် ပန္နက်ချအခါကို စောင့်ရ၏။

ပန္နက်ချသောသူမှာ သင်္ဘောသားတို့ ညိုသောတန်ဆာကို ဆင်လျက် ရွှေပန္နက်ကို ကိုင်ရသည်။

ပရိတ်ရွတ်ပုဏ္ဏားတို့မှာ နီသောတန်ဆာကိုဆင်၍ ရွှေပန္နက်ကို ကိုင်ရသည်။

လယ်သူကြီးတို့မှာ ပြာသောတန်ဆာဆင်လျက် သံပန္နက်ကို ကိုင်ရသည်။

ထိုသို့ စုံလင်စွာနှင့်နေလေ၍ အခါနာရီညှိလျက် ကောင်းသောနက္ခတ် ရောက်လတ်သော် မီးပေါက် ၇လုံးကို ၇ကြိမ်ပစ်ဖောက်၍၊ မောင်း, ခွက်ခွင်း, ဒုံမင်း, ခရုသင်းအသံတို့ဖြင့် တစ်ပြိုင်နက်တည်း တီးမှုတ်စေ၍ ထိုအတွင်း ပန္နက်ကို တညီတညာတည်း ချရလေသည်။

ဆောက်သောအခါမူကား အသည်သားက ဆောက်လုပ် မိုး,ကာရသည်။

မဏ္ဍပ် ၃ ဆောင်သော်ကား သီဟာသနမဏ္ဍပ်, ဂဇာသနမဏ္ဍပ်, မောရာသနမဏ္ဍပ်။

သီဟာသနမဏ္ဍပ်၌ ဖြူမောင်းသော တန်ဆာကို ခြယ်ရမည်။

ဂဇာသနမဏ္ဍပ်၌ နီမောင်းသောတန်ဆာကို ခြယ်ရမည်။

မောရာသနမဏ္ဍပ်၌ ညိုမောင်းသောတန်ဆာကို ခြယ်ရမည်။

ယင်းသို့ပြီးသောအခါ သီဟာသနမဏ္ဍပ်မှာ ပရိတ်ရွတ်ပုဏ္ဏားတို့က စောင့်ရသည်။

ဂဇာသနမဏ္ဍပ်မှာ သင်္ဘောသားတို့က စောင့်ရသည်။

မောရာသနမဏ္ဍပ်မှာ အသည်သားတို့က စောင့်ရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဘိသိက်သွန်းရန် သာဂရနဒီဂင်္ဂါမြစ်ရေကို ဒါဂါစားက ရွှေအိုး ၇ လုံးနှင့် ထည့်၍ ပွဲသဘင်အစုံတီးမှုတ်လျက် ပို့ဆက်လာရသည်။

သတ္တကောင်ဠ ဂင်္ဂါမြစ်ရေကို မောက်သူဇာစားက ထိုနည်း ပွဲသဘင်နှင့် ပို့ဆက်လာရသည်။

သလ္လာနဒီဂင်္ဂါမြစ်ရေကို စစ်တကောင်းစားက ထိုနည်း ပွဲသဘင်နှင့် ပို့ဆက်လာရသည်။

အရဏဝတီမြေမှာ မြို့သစ်စားက ထိုနည်း ပွဲသဘင်နှင့် ပို့ဆက်လာရသည်။

ရွက်မည်းညို့ပန်းမြေမှာ စိန်တင်စားက ထိုနည်း ပွဲသဘင်နှင့် ဆက်လာရသည်။

ဥတ္တရာမဂ္ဂ အောင်သာမြို့မြေမှာ မိုးစည်စားက ထိုနည်းပွဲသဘင်နှင့် ဆက်လာရသည်။

ကစ္ဆပနဒီမြစ်ရေ၊ အဥ္ဇနနဒီမြစ်ရေတို့ကို ခပ်မည့်အခါနက္ခတ် ရောက်လတ်သော်၊ အမျိုးအစဉ် နန်းရိုးမှန်သော မင်းသမီး ၈ ယောက်၊ အမျိုးအရိုးမှန်သော ဘိသိက်မင်္ဂလာ ပုဏ္ဏားသမီး ၈ ယောက်၊ အမျိုးစဉ်ဆက်မှန်သော အမတ်သမီး ၈ ယောက်၊ အမျိုးစဉ်ဆက်မှန်သော သူဌေးသမီး ၈ ယောက်၊ အမျိုးအရိုးမှန်သော သူကြွယ်သမီး ၈ ယောက်တို့သည် ဆန်းကြယ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်လျက်၊

မင်းသမီးတို့မှာ ရွှေအိုး၊ ပုဏ္ဏားသမီးမှာ ငွေအိုး၊ အမတ်သမီးမှာ မြေအိုး၊ သူဌေးသမီးမှာ ကြေးအိုး၊ သူကြွယ်သမီးမှာ သံအိုး၊ ထိုသို့ အစုံကိုင်လျက် ဘိသိက်ဆက်မင်္ဂလာ ပုဏ္ဏားတော် ၈ ပါး၊ သာသနာပိုင်နှင့် စကြဝတေး ၄ ယောက်၊ အမတ် ၈ ယောက်၊ သူဌေး-သူကြွယ်-တောင်သူကြီး-သင်းတော်မှူး ၈ ယောက်စီ တူရိယာအစုံနှင့် မြစ်ဆိပ်သို့ရောက်သော်၊

မင်းသမီးတို့သော်ကား ငှက်ဆင်လှေတော်မှာ စီးရသည်။

ပုဏ္ဏားတို့ ရွှေလောင်းလှေပေါ်မှာ စီးရသည်။

အမတ်သမီးတို့ လွန်းကြင်လှေတော်မှာ စီးရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

သူဌေးသမီးတို့ ဘားမဲ့လေ့တော်မှာ စီးရသည်။
သူကြွယ်သမီးတို့ မိကျောင်းလှေတော်မှာ စီးရသည်။
သိဘိက်မင်္ဂလာ ပုဏ္ဏားတို့မှ သက္ကဒါန်လှေတော်မှာ စီးရသည်။
အမတ် ၈ ယောက်တို့မှာ အားတတ်သောလှေတော်မှာ စီးရသည်။
သူဌေးသူကြွယ်တို့မှာ ဂျွတ်လှေတော်ကို စီးရသည်။
သင်းမှူး တောင်သူကြီးတို့မှာ သရေလှေတော်ကို စီးရသည်။

ယင်းသို့ပြီးမှ လှေတော်ထွက်သောအခါ မီးပေါက် ၇လုံး ၃ချက်စီ ပစ်ဖောက်ရလေသည်။ နတ်ပူဇော်သောပုဏ္ဏားတို့သည်လည်း ခရုသင်းမှုတ်လျက် လိုက်ရသည်။ စောင်းတီးပုဏ္ဏားလည်း စောင်းတီးလျက် လိုက်ရသည်။

ရေခပ်ယူသည့် အခါနက္ခတ်တိုင်လတ်လျှင် မီးပေါက် ၇လုံး ၇ခါ ပစ်ဖောက်၍၊ အသံ ၁၀ပါး တစ်ပြိုင်နက် တီးမှုတ်ကြော်ငြာစေ၍ ခပ်လေသည်။

ကမ်းသို့ ဆိုက်လာလျှင်လည်း မီးပေါက် ၇လုံး ၃ချက်စီ ပစ်ပြီးမှ၊ လာရင်းအစဉ်အတိုင်း စီးနင်းဆောင်ရွက်၍ မင်္ဂလာမဏ္ဍပ်သို့ရောက်လတ်သော်၊
ပန်းတင်ပုဏ္ဏားတို့က ပန်းတို့ကို လမ်းအပြည့် ကြဲထားရသည်။
စီရိသားတို့ကလည်း ရေ လမ်းတစ်လျှောက် ဖျန်းရလေသည်။
ပရိတ်ရွတ်ပုဏ္ဏားတို့ကလည်း ပရိတ်ရွတ်၍ နေနှင့်ရသည်။
သီဟာသနမဏ္ဍပ်၌ မင်းသမီးနှင့် ပုဏ္ဏားသမီး ခပ်သောရေ။
ဂဇာသနမဏ္ဍပ်၌ အမတ်သမီးခပ်သောရေ။

မောရာသနမဏ္ဍပ်၌ သူဌေးသမီး, သူကြွယ်သမီး ခပ်သောရေတို့ကို တစ်ပြိုင်နက်တည်း ထားသောအခါ မီးပေါက် ၇ လုံး ၇ ချက် ပစ်ဖောက်ရသည်။

ထိုသို့သောအရာတို့ ပြီးလတ်မှ နန်းတော် ကသည် မင်္ဂလာမဏ္ဍပ်ရောက် နေပြောက်မထိုး ရွှေဖျင်,ငွေဖျင်တို့ဖြင့် မိုးကာ ရ၏။ ထိုတစ်လျှောက် လက်ဝဲ, လက်ယာမှာလည်း ကြံပင်, ငှက်ပျောပင်တို့ကို စိုက်ရလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

မင်္ဂလာမဏ္ဍပ်တွင် သီးမျိုးစုံ, ပန်းမျိုးစုံတို့ကို ဆွဲရလေ၏။ ငှက်ပျော, ကြံ, အုန်း, ဒန်း, ဆတ်သွားပင်, သပြေ, ထိန်, ကုက္ကို, လက်ပံပင်များကို လည်း မညှိုးမနွမ်းစေရ စိုက်ရလေ၏။

မြို့တွင်း, မြို့ပြင် လမ်းတို့၌လည်း ငှက်ပျော, ကြံ, အုန်း, ဆပ်သွား ပင်များကို အသီးပြည့်နှင့် စိုက်ရလေ၏။ ရေအိုးပြည့် တည်ထားရလေ၏။ နတ်ကြီး ၈ ပါးကိုလည်း နတ်ဝင်တို့ အချို့ပွဲဖြင့် ခင်းကျင်း၍ ပွဲပြုရလေ၏။

ယင်းသို့ အလုံးစုံပြီးကုန်လတ်သော် ပြည့်ရှင်မင်းကြီးသည်ကား ဗြဟ္မာမင်း တို့တန်ဆာကို ဆင်တော်မူ၍ မိဖုရားသော်ကား နတ်မင်းမိဖုရားကဲ့သို့ နတ်တန်ဆာ ကို ဆင်တော်မူလျက်၊ ဆင်စီး,မြင်းစီးတို့မှာလည်း စစ်ဝတ်တန်ဆာကို ဝတ်ဆင်၍၊ ရှေ့ ၁၂ တပ်မှာ လက်ဝဲအမတ်, လက်ယာအမတ် အစဉ်အတိုင်း ရှေ့ဝင်းမှူး, လက်ဝဲဝင်းမှူးတို့ လိုက်ရသည်။ နောက် ၁၂ တပ်မှာလည်း အနောက်မျက်နှာ မှူးမတ်။ လက်ဝဲ, လက်ယာ ဝင်းမှူးတို့ လိုက်ရသည်။

အစဉ်အတိုင်း စစ်အင်္ဂါ ၄ ပါးစုံစွာနှင့် မင်း, မိဖုရားသွားသော ပုရွက် ကြောင်းလမ်းအမိုးတွင် လိုက်ရသည်ကား မင်းကြီးရှေ့ လက်ဝဲ, လက်ယာ ဘိသိက်သွန်းမင်္ဂလာတော်ပုဏ္ဏားမျိုး ၁၀၀ မှာ လက်ဝဲက စကြဝတေး ၂ ယောက်, လက်ယာက စကြဝတေး ၂ ယောက်။ သာသနာပိုင် ပုရောဟိတ် ပုဏ္ဏားအကြီးမှာ နဝရတ်စီသောခရုသင်းကို ရွှေပန်းတောင်းဖြင့်ထည့်၍၊ လက် ၂ ဖက်စုံလျက် ကောင်းစွာကိုင်၍ လိုက်ရသည်။

ဟူးရားတိုင် ၄ ယောက်နှင့် ဟူရားတတ်ပုဏ္ဏား ၁၀၀, နတ်ပူဇော်ပုဏ္ဏား ၁၀၀, စောင်းတီးပုဏ္ဏား ၁၀၀, ပရိတ်ရွတ်ပုဏ္ဏား ၁၀၀, ပန်းတင်ပုဏ္ဏား ၁၀၀၊ ထိုပုဏ္ဏား ၅၀၀ တို့မှာ ခရုသင်းမှုတ်၍ လိုက်ရသည်။

ဘိသိက်သွန်း မင်းသမီး ၈ ယောက်, ပုဏ္ဏားသမီး, သူဌေးသမီး, သူကြွယ်သမီးတို့သည်လည်း ၈ ယောက်စီ လိုက်ရသည်။

အခါနက္ခတ် ရောက်လတ်လျှင် မြှော်ကဲ်စည်, ဒုံမင်း, မောင်း, ကြေးနင်း, ခွက်ခွင်း, ပတ်သာ, ခရာ, စောင်း, ငြင်း စသော အသံ၁၀ပါးဖြင့် မြှောက် လျင်းစေ၍ မီးပေါက် ၁၅ လုံး ၇ ကြိမ် ပစ်ဖောက်ပြီးသောအခါ၌၊ နဝရတ်


mgyoe.com

mgyoe.com SAMPLE BOOK

ဖြင့် စီခြယ်ပြီးသော ရတနာထမ်းစင်၌ မိဖုရားကြီးနှင့်အတူ စီးတော်မူလျက် ထွက်တော်မူလေ၏။

မင်္ဂလာမဏ္ဍပ်သို့ ရောက်တော်မူလျှင်လည်း ထိုနည်း ပစ်ဖောက်ရသည်။ ယင်းသောအခါ သာသနာပိုင် ဝိနည်းမိုရ်နှင့် ပုရောဟိတ် ၁၂ ပါးတို့သည် မြတ်စွာဘုရား ဟောတော်မူခဲ့သော ပိဋကတ်တော်ကို ဆောင်ယူလာခဲ့၍ သီဟာသနမဏ္ဍပ်၌ ထားလေပြီးသော် နန်းတော်သို့ဝင်၍၊ နန်းတော်စွန်းတွင် သံဃာတော် ၁၀၈ ပါးတို့ ပရိတ်တော်ကိုရွတ်လေ၍ နန်းကို ပြည်စိုးကြီးအမတ်က ဆေးရလေသည်။

ပြည့်ရှင်မင်းကြီးလည်း မောရာသနမဏ္ဍပ်၌ ရေချိုးတော်မူ၍ ဂဇာသနမဏ္ဍပ်တွင် ခေါင်းဆေးတော်မူပြီးမှ-

"ဗုဒ္ဓဥ္စ ဓမ္မဥ္စ သံဃဥ္စ သရဏံ ဂတော၊ ဥပါသကတ္တံ ဒေထသိ။
သကျပုတ္တဿ သနာ သနော၊ သဒ္ဒါရဏာ မုပေဟိတိ။"

ထိုသို့သော ဂါထာကို မင်းကြီး ရွတ်တော်မူ၍ သီဟာသနမဏ္ဍပ်အလယ်၌ ရွှေအင်းပျဉ်နှင့်ပြီးသော ရေသဖန်းပျဉ်ဝယ် ၎ထိုင်တော်မူလေ၏။

ယင်းသို့သောအခါ မင်းသမီး ၈ ယောက်တို့သည် ဆန်းကြယ်သော တန်ဆာကို ဆင်ကြလျက် မင်းရှေ့တူရူ နေလေ၍ နဝရတ်စီသော လက်ယာရစ်ခရုသင်းကို ကိုင်ပြီးသော်၊ ဂင်္ဂါ ၅ ရပ်ရေကို စုံစွာထည့်လျက် လက် ၂ ဖက်စုံ၍ ကောင်းမွန်ရှိသေစွာ မင်းကြီးဦးခေါင်းကို စိုက်ရလေ၏။

"အရှင်မင်းကြီး။ ရှေးဦး ကမ္ဘာအစ၌ဖြစ်သော မဟာသမ္မတမင်းကောင်းမင်းမြတ်တို့ ကျင့်တော်မူသောတရားကို မြဲစွာ ကျင့်ဆောက်တည်တော်မူပါလော့။

"အရှင်မင်းကြီး။ ခပ်သိမ်းသော ပြည်ထောင်စုမင်းတို့ကို အမျက်မလွန်စေခြင်း၊ ခပ်သိမ်းသောသူတို့ကို ကောင်းချီးမြှောက်စေခြင်း၊ ခပ်သိမ်းသောသူတို့အား ရင်တော်သားအမျှ ချစ်သနားခြင်း၊ ခပ်သိမ်းသောသူတို့ စီးပွားကို စောင့်ခြင်း၊ ခပ်သိမ်းသောသူ၏ အသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ ထင်မှတ်ခြင်း ပြုပါလော့။


mgyoe.com

"အရှင်မင်းကြီး။ လောဘ, ဒေါသတို့၏ ပိတ်ပင်ခြင်းကို ကင်းစေ၍၊ အဝိဇ္ဇာ မိုက်မဲစွာသောမောဟတရားကို လင်းတော်မူပါလော့။

"အရှင်မင်းကြီး။ ကျက်သရေရှိသော အမှုကိုသာ ပြုခြင်း၊ ကျက်သရေရှိသောစကားကိုသာ ဆိုခြင်း၊ ကျက်သရေရှိသော လုံ့လအကြံကိုသာ ကြံခြင်းတို့ကို ပြုတော်မူပါလော့။"

ယင်းသို့စကားကို မင်းသမီး ၈ ယောက်တို့ ဆိုလေ၍၊ မင်းကြီး၏ထိပ်၌ ဘိသိက်ရေကို သွန်းကုန်၏။

ထိုနောက်တစ်ဖန် ဘိသိက်မင်္ဂလာတော်ရ အမျိုးမှန်သော ပုဏ္ဏား ၈ ယောက်တို့သည် ဂင်္ဂါ ၅ ရပ်ရေကို လက်ယာရစ်ခရုသင်း၌ ထည့်ပြန်၍ လက် ၂ ဖက်ကိုစုံလျက် ကောင်းမွန်ရှိသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ပြန်ရလေ၏။

"အရှင်မင်းကြီး။ 'ဣတိပိသော သွက္ခာတော သုပ္ပဋိပ္ပန္နော' စသော ဂုဏ်တော်, သာသနာတော် ပွင့်လင်းအောင် ပြုပါလော့။

"အရှင်မင်းကြီး။ ခပ်သိမ်းသောသတ္တဝါတို့အား ကိုယ်သားနှင့် ညီမျှချစ်ခင်ခြင်း၊ ပြည်သူတို့၏စီးပွားကို ကိုယ်တော်၏စီးပွား, ခပ်သိမ်းသော သတ္တဝါတို့၏ ဇီဝိတိန္ဒြေအသက်ကို ကိုယ်တော်၏အသက်ကဲ့သို့ စောင့်တော်မူပါလော့။

"အရှင်မင်းကြီး။ ခပ်သိမ်းသော ပြည်ထောင်မင်းတို့အား အမျက်မလွန်ခြင်း၊ တရား၌စောင့်ခြင်း၊ ပညာရှိစကားကို နားလွယ်ခြင်း၊ အမျိုးစောင့်ခြင်းများကို မြဲမြံ စောင့်ထိန်းတော်မူပါလော့။"

ထိုသို့စကားကို ပုဏ္ဏား ၈ ယောက်ဆိုပြီးသော် မင်းကြီးထိပ်တော်၌ ဘိသိက်ရေကို သွန်းလေ၏။

ထို့သို့နောက်မှ အမျိုးမှန်သော သူဌေး, သူကြွယ် ၈ ယောက်စီတို့သည် ခရုသင်း၌ ဂင်္ဂါ ၅ ရပ်ရေကို ထည့်ပြန်၍ လက် ၂ ဖက်ကို စုံလျက် ကောင်းမွန်ရှိသေစွာ မင်းကြီးဦးခေါင်း၌ စိုက်ပြန်လေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

"အရှင်မင်းကြီး။ ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏အသက်ကို စောင့်သကဲ့သို့ စောင့်တော်မူပါလော့။

"အရှင်မင်းကြီး။ ခပ်သိမ်းသောသူတို့၏ စီးပွားဥစ္စာကို ကိုယ်တော်၏ စီးပွားကဲ့သို့ ထိန်းခြင်း၊ ပြည်ထောင်မင်းတို့အား အမျက်ကို မလွှန်ခြင်း၊ ပြည်သူ ဥစ္စာ အခွန်ဘဏ္ဍာ ခံယူရာ၌ တရားနှင့်လျော်ညီအောင် စောင့်ထိန်းခြင်း၊ တရား မသိ ပိန်ဖျင်းသွမ်းသွပ်သော သူတို့ကို ရှောင်ကြဉ်ခြင်း၊ ပဏ္ဍိတာလိမ္မာသော သူ၏စကားကို နာလွယ်ခြင်းများကို ပြုတော်မူပါလော့။"

ယင်းသို့ဆိုပြီးသော် မင်းကြီးထိပ်၌ ဘိသိက်ရေကို သွန်းလေ၏။

ယင်းသို့ နောက်မှတုံသော်ကား သူဌေး၊ သူကြွယ်တို့ ဆိုပြန်သည်ကား

"အရှင်မင်းကြီး။ အကျွန်ုပ်တို့ သွန်းလောင်းသော ရေစက်ကို ခံတော်မူ၍၊ ကျွန်ုပ်တို့ဆိုသော စကားအတိုင်း ကျင့်ဆောင်တော်မူ၍၊ ပြည်သူလုပ်ခွန် ၁၀ ဖို့ ၁ ဖို့ ခံယူစားသုံးတော်မူ၍၊ မင်းကြီး၏စည်းစိမ်ကို ခံဝန်ပြီးသော် ပြည်ကို တရားသဖြင့် စောင့်တော်မူပါလော့။

"အရှင်မင်းကြီး။ ကျွန်ုပ်တို့ ဆိုသောစကားအတိုင်း ကျင့်တော်မူပါသော်ကား ပစ္စုပ္ပန်၊ သံသရာ-၂ ဖြာအကျိုး တက်တိုးစေလျက် တက်သစ်သောနေ၊ ဆန်းသစ်သောလကဲ့သို့ တစ်နေ့တစ်ပါး ကျက်သရေတော် ပွင့်လင်း၍ ပြည်ထောင်မင်းပေါင်း၊ ဦးခေါင်းညွတ်လာ သဒ္ဒါပြည့်ဖြိုး၊ သူခိုးဓားပြ ငြိမ်းချမ်းသာယာ သာသနာတည်ထွန်း ရေစာမရှား မင်းအားပြည်သူ ဆုယူနေ့တိုင်း ကောင်းချီးပေးလျက် သက်တော်ရာကျော် စံတော်မူရသည် ဖြစ်စေသော။"

"ယင်းသို့မဟုတ် ကျွန်ုပ်တို့စကားအတိုင်း မတည် မင်းကောင်းမင်းမြတ်တို့ဝန်ခံသော ဘိသိက်သစ္စာ ပျက်ချေသော်၊ ကမ္ဘာဆူဝေ လေမုန်တိုင်းဆင်ငလျင်တော်လည်း မြေကြီးကွဲ၍ ငရဲမီးလျှံ အဝှန်ပြောင်ပြောင် တောက်လောင်ကျေညက် သူပျက်သူလှောင် ထောင်ထောင်ထားထား ခိုးသားတန္တ စသည်ထွေထွေ နေ၊လတံခွန် ငှက်ပျံငှက်ယုတ် စုန်းဖုတ်တစ္ဆေ နန်းထက်နေ၍ မွှေမွှေလှုန့်ခြောက် မြေဟောက်ငန်းကျား တက်၍စားသည် ဖြစ်စေသော။"


mgyoe.com

ယင်းသို့ဆိုလတ်သော် ပြည့်ရှင်မင်းကြီးကလည်း သာသနာတော် အညစ်အကြေးမှတစ်ပါး ပြည်သူသတ္တဝါတို့အား အသက်ဇီဝိတဒြေ့ကို ခွင့်ပေးတော်မူရလေသည်။

ယင်းသို့ ပြီးလတ်သော် လာတော်မူရင်းအတိုင်း အစဉ်နှင့် ဝင်တော်မူသည်။

မဏ္ဍပ် ၃ ဆောင်ကိုမူကား တစ်စမကျန် ကစ္ဆပနဒီမြစ်သို့ ချမျှောရလေသည်။

## ၆
## ကဝိကျော်လျှောက်ထုံး-၁

ထိုသို့ ကြီးကျယ်စွာဖြင့် ရေးမင်း ဘေးတော်စသော ခမည်းတော်တို့ ခံတော်မူ၍ ၅ လရှိသောအခါ ပျားကြီးတစ်အုံသည် အနောက်အရပ်က ပျံလာ၍ ရာဇပလ္လင်၌ မြောက်နားက စွဲလေသည်။ ထိုပျား အရည် ရင့်လတ်သော် အရည်ကို စုပ်ထားခဲ့လျက် မြောက်သို့ပြန်လေရာ၊ ထိုနိမိတ်ကို အမတ် မောက်သူဇာမြို့စား ကဝိကျော် လျှောက်သောထုံးသော်ကား

"အရှင်မင်းမြတ်။ ဘေးတော် စန္ဒသူရိယမင်းမြတ်လက်ထက် ဘုရားမြတ်စွာ မဇ္ဈိမဒေသက ကောင်းကင်ခရီးဖြင့် ကြွတော်မူလာ၍ မဟာမုနိရုပ်ရှင်တော်ကို သွန်းလုပ်ပါသည်။

"ကောဇာသက္ကရာဇ် ၄၀၀ တွင် ပုဂံပြည်မင်း အလောင်းစည်သူက ဘိတော်မင်းနန်းကို နန်းတင်လာသော ပျူ၊ မွန်တို့ ပင့်ဆောင်၍ မရသော် ဖိုကျင်ထိုးလေရာ ရုပ်ရှင်တော် ကွယ်လေ၍၊ မင်း ၄ ဆက်မြောက် ကွယ်ပျောက်ရှိပါသည်။ ယခု အရှင်မင်းမြတ် ဘုန်း၊ ပညာ၊ ကျက်သရေ၊ တရားသီလ ဂုဏ်တော်ကြောင့် ပျားတို့သည် ပန်းဝတ်၌ရှိသော အချိုအရသာမြတ်ကို ဆောင်ယူဆက်သ၍ မြောက်သို့ ထိုပျားပျံလေသည်မှာ ပျားညွှန်ရာအရပ်သို့ ရုပ်ရှင်တော်မဟာမြတ်မုနိရှိသည် အမှန်ဖြစ်ပါသည်။"-လျှောက်လေသော်၊



mgyoe.com

mgyoe.com SAMPLE BOOK

ပြည့်ရှင်မင်းက အမတ်ကြီး ဆင်ကဲနှင့် ထားပိုင်ကြီး-၂ ယောက်ကို စေတော်မူ၍ ရှာသော်၊ ရုပ်ရှင်တော်ကို မြောက်အရပ်၌တွေ့လေ၍ ပင့်ဆောင်ယူခဲ့ပြီးလျှင်၊ အထက် စန္ဒသူရိယမင်း ကိုးကွယ်တော်မူခဲ့ရင်းသော အရပ်ကတည,တောင်တွင် ကောင်းမွန်စွာ ရတနာ ၇ ပါးဖြင့် စီခြယ်၍ သိမ်တော်ဆောက်လုပ်ပြီးမှ၊ နဝရတ် ၉ ပါးဖြင့် စီခြယ်သောပလ္လင်တော်၌ တင်ထားတော်မူ၍ အရံကျောင်း ၁၀၀ ဆောက်လုပ်တော်မူသည်။

ခေါင်းဆေးတော် ကန်, လက်ဆေးတော်ကန်, မဟာရံတံတိုင်း ၃ ထပ်, တံခါး ၄ ရပ်, အစောင့်အနေ, ဆွမ်းတင်, စည်တီး, မျက်နှာတော်သုတ်, တံခွန်ဆွဲ, တံမြက်ခတ်, ကျီးနှင့် စာခြောက်-ပျူ ၁၀၀၀, မွန် ၅၀၀, ကမ်းယံ ၅၀၀, ကုလား ၁၀၀၀, မြို ၅၀၀-ချင်း ၅၀၀, လူပေါင်း ၄၀၀၀ ကို အသီးသီး စားမြေ, နေမြေ ပေးချတော်မူ၍ မော်ကွန်းကျောက်စာထိုးလျက် ရွှေကရားနှင့် ရေစက်သွန်းချ လှူတော်မူသည်။

## ၁၀
## ကဝိကျော်လျှောက်ထုံး-၂

ထိုမင်း သက်တော် ၂၀ တွင် အနောက် ဘင်္ဂလား ၁၂ မြို့တို့သည် သက်နှင့် ပေါင်းလျက် သောင်းကျန်းလေရာ၊ အမတ်ကိုယ်ရံကြီး ဇေယျဗိုလ်ကို ချီစေသည့်ကာလ၊ တပ်ဦးတွင် ကြိုးကြာငှက်သည် သရေတစ်ခုကို ကိုက်ချီ၍ ဝဲပျံလာရာ ငှက်နှင့် သရေကို ဖမ်းမိရလေလျှင် မင်းထံ ဆက်လာသည်။

ထိုနိမိတ်ကို အမတ်ပညာရှိ ကဝိကျော် လျှောက်ထုံးသော်ကား-

"တပ်ဦးတွင် မြင်သောနိမိတ်သည့် တိတ်အလို 'ထိုငှက်ကြိုးကြာ၊ နံမှာကုလား၊ မှောက်မှားရောယှက်၊ သက်ကားသရေ၊ မိတ်ဆွေပြုလျက်၊ ခြားနားချက်မှာ၊ တိတ်အလာပေ၊ သရေနှင့် ငှက်၊ ပျံလျက်မလွတ်၊ ကိုင်းညွတ်တုံလာ၊ ချင့်အစာလည်း၊ မကွာစုံဖက်၊ ပို့ဆက်လာပြန်၊ ထိုကျွန်နှစ်ပါး၊ ကုလားနှင့် သက်၊ ငှက်နှင့် သရေ၊ အနေမယွင်း၊ ချက်ချင်းမကြာ၊ အောင်မြင်ပါမည်။"

လျှောက်လေသော်၊ အမတ်ကြီးသို့ ဆင်ပေါက်တစ်စီး ဆုပေးတော်မူသည်။


mgyoe.com

## ၁၁
## ဟူးရားဖြူပုဏ္ဏား ရာဇဂုရု လျှောက်ထုံး

ထိုမင်း သက်တော် ၄၅ ရောက်သောအခါ မဟာမုနိဘုရားမှာ ချွေးထွက်တော်မူသည်။ အချိန်မဟုတ် မိုးရွာစွေ၍ မြစ်ရေကြီးသည်။ မိုးကြိုး နန်းမှာ ကျသည်။

ယင်းသို့ တိတ်နိမိတ် မြင်လတ်ရာ၊ ပညာရှိ ပရောဟိတ်ပုဏ္ဏား ရာဇဂုရု လျှောက်သော ထုံးသော်ကား-

''အရှင်မင်းမြတ်။ 'တိတ်ထုံးမှတ်စု၊ ဣသျှုအမှာ၊ စူဠာမုနိ၊ အသီတိကျမ်း၊ ဓာတ်ဆန်းဓာတ်ပျက်၊ နရစက်နှင့်၊ ဂြိုဟ်ပျက်ဒသာ၊ ဒွါဒရာရုပ်၊ ဥစ္စကသစ်ဖက်၊ စန်းလဂ်မလျော်၊ ဇာတာတော်လည်း၊ နံခေါ်ကိန်းစု၊ ရာဟုမရဏ၊ အထွက်ကကြုံ၊ နဝင်းတုံလည်း၊ ကုံသို့အလှမ်း၊ ရာဟု ,စန်းမူ၊ ကူးသန်းနင်းပြန်၊ တသွန်ထောင့်ခတ်၊ သံမသတ်ခွင်၊ လက်တွင်နံနေ၊ ဂြိုဟ်ရှစ်ထွေလည်း၊ အနေအလှ၊ အာကာသက၊ ပြသည့်အကြောင်း၊ ဂြိုဟ်ပြောင်းလည်းကြံမဲ၊ စည်းစိမ်တော်မြတ်၊ နန်းပြာသာဒ်နှင့်၊ ဥပါဒ်ကြီးဘိ၊ အနိဝဋ္ဋဏ၊ ကိန်းကအတွေ့၊ မလွေ့ကြိုက်တုံ၊ နယုန်ဆန်းတက်၊ ဆယ့်တစ်ရက်တွင်၊ ဂြိုဟ်ပျက်အကူး၊ စန်းဦးအပြတ်၊ နဝရတ်ရွှေဘုံ၊ ကွာကိန်းကြုံသည်။'-ဟူ၍ ရှေးပညာရှိများထားခဲ့သော ဒဏ္ဍာနိကာယ်ကျမ်းထွက် ရှိပါကြောင်း။''

ထိုသို့ ဟူးရားဖြူပုဏ္ဏား လျှောက်တင်သော်၊ ပုဏ္ဏားတော်သို့ သပြာ ၁၀၀ ဆုပေးတော်မူလေသည်။

## ၁၂
## ဝိဇိလလျှောက်ထုံး

ထိုမင်းက ၁၂ ဆက်အဆုံး အနုလုံမင်းလက်ထက် ကုလားနှင့် သက်ပေါင်းဖက်ဆိုးသွမ်းရာ၊ ပြည်စိုးကြီး ဓမ္မဇေယျကို ရဲမက် ၅ သောင်း ပေးတော်မူ၍ စစ်သူကြီးအင်္ဂါ ၉ ပါးနှင့်ပြည့်စုံသော အမတ်ကြီးကို ချီတက်စေသောကာလ၊ တပ်ဦးတွင် ကျီးနှင့် ဇျိုင်း ခွပ်ကြ၍၊ ကျီး အတောင်ကျိုး၍ ဖမ်း၍ရသောအကြောင်းကို မင်းထံ လျှောက်လေသောအခါ၊


mgyoe.com

ပညာရှိရှေးအမျိုးဖြစ်သော သားမြေးစဉ်ဆက်လာခဲ့သော အမတ်ပညာရှိ ဝိဒိလ လျှောက်ထုံးသော်ကား-

"အရှင်မင်းမြတ်။ 'ကျိုးနံ့ ကုလား၊ ဖျိုင်းကား မြန်မာ၊ နံ့မှာ အလို၊ နဂို,ယာယီ၊ ကိန်းနှစ်လီတွင်၊ ယာယီကျိုးကန်း၊ ပင်ပန်းကုလား၊ ထွားထွားကြေ ညက်၊ ပျက်မည့်အကြောင်း၊ လုံးပေါင်းပြီးစီး၊ ခရီးမကြာ၊ အောင်မြင်ပါမည်။"

ယင်းသို့ လျှောက်လေလျှင်၊ အမတ်စစ်သူကြီးလည်း မရပ်မဆိုင်း ချီ တက်လေသော် စစ်တကောင်းမြို့က ဖြီးခိုင်စွာ ခံနှင့်သည်ကို ချုံချုံဖိစီး တိုက် လေလျှင်၊ ၅ ရက်နှင့် ကုလားတို့ ဆုတ်သွား၍ ဒါဂါမြို့က ကုလားအိမ်ရှေ့ မင်း ခံနေနှင့်ရာ၊ အမတ်ကြီးလည်း လောက်ချေးပူရာ ကိုင်စွဲရပ်ပြီးလျှင် ကုလား မင်းသားက 'ဗလဝါ' ဟူသောဆင်ကို စီး၍၊ အမတ်စစ်သူကြီးဓမ္မဇေယျ သည် 'နတ်ယာဉ်ပျံ' ဟူသောဆင်ကို စီး၍ စစ်ရေးပြိုင်ကြရာ၊ ဆင် ၂ စီး ချွန်းဖွင့်ကြလျှင် စွန်ရဲထိုးသကဲ့သို့ တစ်ဟုန်တည်း အစွယ်ယှက်ကြသည်တွင် နတ်ယာဉ်ပျံက ကုလားဆင် ဗလဝါကို ပြင်းစွာ ဒဏ်ပေးဦးလေသောကြောင့်၊ ဗလဝါ ခေါင်းအလှည့်တွင် စစ်သူကြီး ဓမ္မဇေယျ ထိုးလိုက်သောလှံချက် ကုလားအိမ်ရှေ့မင်းမှာ နာကျင်စွာထိ၍ ဆင်ပေါ်ကကျရာ ဖမ်းမိသည်။ ကုလားမှူးမတ်တို့စစ်သည်လည်း ပျက်ပြိုပြေးကြလေသည်။

စစ်သူကြီးလည်း မောက်သူဇာမြို့တွင် ချရပ်၍ ဒီလီပဆာမင်းကို တိုက် လေလျှင်၊ ပဆာမင်းလည်း ရုံပြည်သို့ ဝင်၍ ပြေးလေသည်။

## ၁၃
## အစုများဖွဲ့ခြင်း

ကုလားမင်းသားနှင့် ကုလားဘဏ္ဍာ လက်နက်များကို ပို့ဆက်စေရာ၊ အနုလုံမင်းက "ကုလားပြည်တွင် အမတ်ဆင်ကဲကို ထားခဲ့၍၊ စစ်သူကြီး ဓမ္မဇေယျမှာ ကုလားမြို့များက အိမ်ထောင် မပျက်မကွဲစေရ။ ကုလားတစ်ဝက် သိမ်းခေါ်ပြန်လာရမည်။" အမိန့်တော်ရောက်လျှင်

မောက်သူဇာမြို့တွင် အမတ် ဆင်ကဲကို ထားခဲ့၍၊ ကုလားတစ်ဝက် သိမ်းခေါ်ခဲ့ပြီးလျှင် အမတ်ကြီးဓမ္မဇေယျ ပြန်ရောက်လာသောအခါ၊ 'မဟာဝေ


mgyoe.com

သဿသဝဏ္ဏ'အမည်ကို ပေးတော်မူသည်။ ကုလား အိမ်ရှေ့မင်းသားကိုလည်း ဆေး ကုမတော်မူ၍ ပျောက်လျှင် စစ်တွေကို စားကျေး ပေးတော်မူသည်။

ကုလားအမတ် ၂၀၀ မှာ တန်ဆာကို သိမ်းစေ၍ အတွင်းမိန်းမသုံး မော်လိပ်အစု ဖွဲ့တော်မူသည်။ ကုလားမင်းကျေးကျွန် ပါရင်း လူ ၅၀၀ ကိုလည်း ပါရင်းအတိုင်း ပေးသနားတော်မူသည်။

"ဘိတော် ဒသရာဇာမင်း ဖွဲ့တော်မူခဲ့သည့် အစုသား မွန်, ပျူ, ကမ်းယံတို့မှာ ဆင်အစုံ, ပန်းထိမ်အစု, သဘင်အစု, မြှောက်စည်အစုသားတို့ ကို ရှိမြဲရှိစေ။ ထိုပြင် အစံသားတို့မှာ မြန်မာဖြစ် စေ၊ အစုနုတ်၍ မြန်မာတို့ကဲ့ သို့ အသည်ကာလအမှုကို ထမ်းစေ။"

အမိန့်တော် ပညတ်၍ အသည်ကာလ ဖြစ်စေသည်။

အသည်သားတို့က အမှုထမ်း လူပေါင်း ၁ သိန်းကို လက်ယာသင်း ၅ သောင်း, လက်ဝဲသင်း ၅ သောင်း။ လက်ယာ, လက်ဝဲနံများမှာ ခြသေ့် ရုပ်ထိုး၍ ကိုယ်ရံတော် ဖွဲ့တော်မူသည်။

- မွန်,ကမ်းယံတို့အစား ကုလားကို ဒိုင်းဝင်းတာအစို့[၁] ဖွဲ့သည်။ ကုလား ၁ သောင်း။
- ဆင်စာ, မြင်းစာရိတ်အစု။ ကုလား ၂၀၀၀။
- သစ်ခုတ်, ဝါးခုတ်- ၁၀၀ အစုဖွဲ့သည်။ ကုလား ၁၀၀၀။
- လယ်တော်လုပ် မင်းတရားကျွန် ဖွဲ့သည်အစု။ ကုလား ၁ သောင်း။
- ဟင်းသီးဟင်းရွက်, ငရုတ်, ကြက်သွန်, ကွမ်းဆက် ဖွဲ့သည်။ အစု။ ကုလား ၂၀၀၀။
- နန်းတော်မှစ၍ မိဖုရား, သားတော်, သမီးတော်, မှူးတော်, မတ်တော် များအိမ်တွင် ရေခပ်စေရန်အစုသား။ ကုလား ၂၀၀၀။
- လေးကိုင်, ကခံအစုသား။ ကုလား ၁၀၀၀။
- ရက်ကန်း ရက်ယဉ်သည်အစု။ ကုလား ၁၀၀၀။
- ထမ်းစင်ထမ်း, ယာဉ်ထမ်း စော်တလီအစု။ ကုလား ၂၀၀။
- ကြိမ်ဆွဲကြိမ်ကိုင် ဆပ်ကျားအစု။ ကုလား ၁၀၀၀။

---

၁။ 'အစို့'ဟူသည်မှာ ဘဝတူအမှုထမ်းတို့ စုစည်းပေါင်းဖွဲ့ထားသော အလုပ်တူရာ အမှုထမ်းစုကို ခေါ်ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

- ဆားချက်အစု။ ကုလား ၁၀၀၀။
- အစေခံစု။ ကုလား ၂၀၀။
- တံငါပိုက်သည်, ဖွဲ့သည်အစု။ ကုလား ၁၀၀၀။
- မြို့တွင်း, မြို့ပြင် မသန့်မစင်ရှိသမျှကို ယူ၍ပစ်ရသည့် ဟာရီအစု။ ကုလား ၁၀၀၀။
- လူသတ်ပရဝါအစု။ ကုလား ၅၀၀။
- လက်သမားအစု။ ကုလား ၅၀၀။
- ပန်းထိမ်, ပန်းပဲအစု။ ကုလား ၁၀၀၀။
- လွတိုက်,လက်သမားအစု။ ကုလား ၁၀၀၀။
- ဖောင်ထိန်း, ဖောင်ဖွဲ့ ဓရီအစု။ ကုလား ၃၀၀၀။
- ဒင်္ဂါးခတ် စော်ပန်းစင်အစု။ ကုလား ၅၀၀။

အရပ်ရပ် ကုလားပေါင်း ၄ သောင်း ၇ ထောင် ၅ ရာကို နောင်အစဉ်ဖြစ်အောင် မော်ကွန်းထိုးတော်မူ၍ မင်းသုံး, မိဖုရားသုံး, မင်းသား-မင်းသမီးသုံး, မှူးမတ်သုံး အသီးသီး အစုနှင့် ခွဲဝေပေးဖွဲ့တော်မူသည်။

## ၁၄
## ဝိမလလျှောက်ထုံး-၁

ထိုမင်းက ၆ ဆက်အဆုံး မင်းထီးသည် သက်တော် ၉ နှစ်အတွင်း ခမည်းတော်ရိုက်ရာထီးနန်း စိုးတော်မူလေရာ၊ အမိန့်တော်ရှိသည်ကား-

- "သား မကောင်းလျှင် အဖကို စီရင်ရမည်။
- မယား မကောင်းလျှင် လင်။
- တပည့် မကောင်းလျှင် ဆရာ။
- ကျွန် မကောင်းလျှင် သခင်။
- သမီး မကောင်းလျှင် အမိကို စီရင်ရမည်။"

ယင်းသို့ မင်းအာဏာတော် ၅ ရပ် သားနားပိုင်းခြားလျက် ထားတော်မူလေသည်။


mgyoe.com

m.gyoe.com SAMPLE BOOK

မင်းပွဲသဘင်ခံရာ၌ ငယ်တော်မူ၍ မယ်တော် သုဘဒ္ဒာဒေဝီမောင်တော် အရင်း ဒါဂါမြို့စား-ဦးရီးတော် အနန္တဘယ ရင်ခွင်ပေါ်၌သာ ထိုင်တော်မူလျက် စံလေသည်။

တစ်နေ့သ၌ လောင်းကြက်မြို့နေ သူဌေး ဓနဥ္စယကျွန် ၂ ယောက်သည် လက်မဖက်ရွာတွင် နွားတစ်ခုကို ခိုးယူသတ်စားလေရာ၊ ဖမ်းမိလေလျှင် သူဌေးလည်း မင်းအာဏာတော်ကို ကြောက်လှသောကြောင့် ငွေသပြာ ၁၀၀၀ နှင့် ဦးရီးတော် နန္တဘယထံ သွား၍၊ "ကျွန်ရှင် ခံတော်မူပါ။" လျှောက်ထားလျက် ဆက်ပေးလေသော်၊ ဦးရီးတော်လည်း "ကျွန်ရှင် ငါခံမည်။" ဆို၍ ထိုသပြာ ၁၀၀၀ ကို ယူလေသည်။

နံနက်အခါ ဦးရီးတော်ရင်ခွင်ပေါ်၌ ထိုင်တော်မူ၍ မင်းပွဲခံလေရာ၊ ထိုနွားခိုး ၂ ယောက်ကို ဆက်ပို့လာသော် ပြည်ရှင်မင်းက "မည်သူ့သားမြေး ကျေးကျွန်နည်း။" မေးတော်မူလေရာ၊

"ဦးရီးတော် အနန္တဘယကျွန် ဖြစ်ပါသည်။"

သူခိုးတို့ လျှောက်လေလျှင် ဦးရီးတော်ဘက်သို့ လှည့်၍၊

"ကျွန် မှန်၏လော။"

မေးတော်မူပြန်လေသည်။

ဦးရီးတော်ကလည်း "ကျွန်မှန်ပေသည်။" လျှောက်လေသော်၊

ယင်းသောအခါ ရှေးအမတ်ပညာရှိရိုးဖြစ်သော စစ်တကောင်းမြို့စား ဝိမလအမတ်သို့ မေး၏။

"အာဏာကိုဖျက်သူအား ကျမ်းဂန် မည်သို့လာသည်။ ဘေးတော်၊ ဘိတော် ထီးနန်းမင်းဆက် စီရင်ထုံး စာဟောင်းနှင့် လျှောက်ရမည်။"

အမိန့်တော်ရှိသော်၊ ပညာရှိအမတ်ဝိမလ လျှောက်ထုံးသော်ကား-

"အရှင်မင်းမြတ်။ မင်းကျင့်ဝတ် ပကတိတရား ၇ ပါးကို ကျမ်းဂန် လာသည်ကား-

'သာမိသာမိနုဂေါ၊ မစ္စောဇနပဒေါပိ၊ သန္တနော၊ ဒုဂ္ဂံဒုဂ္ဂဂုဏောပေတံ၊ ဒဏ္ဍောဒေါသာနုရူပတော၊ ကောသော၊ အက္ခရသမ္ပတ္တိမိတ္တဥ္စ၊ ဘယသံ ယုတ္တံ၊ သတ္တပကတိယောဟောန္တိ၊ ဝုတ္တာနိတိ၊ ဝိစက္ခဏာ။'


m.gyoe.com

''ထိုသို့ ပါဠိအရမူလည်း

'သာမိသာမိနဂေါ-တရားလိမ္မာ ဖြောင့်မတ်စွာ အမျိုးစောင့်ထိန်းသောမင်း လည်းကောင်း။

မစ္ဆောဇနပဒေါပိ-ပြည်ရှင်မင်း မမှားစေရ တိုင်းပြည်, ဇနပုဒ်, ကျေးရွာ စည်ကားအောင် အုပ်ထိန်းစီရင်သော။

အမစ္စော- အမတ်ပညာရှိ လည်းကောင်း။

သဒ္ဓနော့ဒုဂ္ဂဂုဏောပေတံ-သစ္စဓမ္မ စသော တရားတိုင်းပြည်သူရှင်, လူ အပေါင်း စောင့်စည်းခြင်း လည်းကောင်း။

ဒုဂ္ဂံ ဒုဂ္ဂဂုဏောဇနောပေတံ-မြို့တံတိုင်း, ပြအိုး, ကျုံး, မြောင်း, တန်ဆောင်း, ရင်တား ခိုင်ခံ့ကောင်းစွာ ရှိခြင်းလည်းကောင်း။

ဒေါသာနုရူပတောဒဏ္ဍော-မင်းပြစ်ရောက်ရာ၌ သင့်-မသင့်, မှန်-မမှန်ကို ယုတ္တိယုတ္တာ နှိုင်းညှိဆင်ခြင်၍ မင်းကျိုးပြည်ဝန် လွန်သည်, ယုတ်သည် အမှုရည်ကို စိစစ်ပြီးမှ အမှုထိုက်သောသူအား မျက်နှာကြီး,ငယ်အရွယ် မထောက် အနိမ့်,အဝေး မရွေး ဒဏ်ပေးခြင်း လည်းကောင်း။

အက္ခရာသမ္မတ္တိကောသော-ပြည်သူတို့အခွန်ကို မလွန်စေရ။ ၁၀ စု ၁ စု ကို ခံယူ၍ ကျီ, ကြ, တိုက်ဘဏ္ဍာ များစွာရှိခြင်း လည်းကောင်း။

ဘယသံယုတ္တံမိတ္တံ- ရန်သူရောက်လတ်သောအခါ ကူညီလာသော ပြည်ထောင်မင်းချင်း မိတ်ဆွေကျွမ်းဝင် ချစ်ခင်များစွာ ရှိခြင်း လည်းကောင်း။

ဣတိ-ဤသို့၊ သတ္တပကတိယော-မင်းတို့ကျေးဇူး ၇ ပါးနှင့် ပြည့်စုံရသည်။ ကျမ်းဂန်လာကြောင်းနှင့်'' အမတ်ကြီး လျှောက်လေရာ၊

ပြည့်ရှင်မင်း အမိန့်တော်ရှိသည်ကား-

''ငါ ငယ်တော်မူလေသော်လည်း ကေသရရာဇာခြသေ့မင်းမျိုး ရွှေဂူ၌သာ အိပ်သည်။ ခြသေ့ဆီလည်း ရွှေခွက်တွင်သာ တည်သည်။ ဆဒ္ဒန်ဆင်ဖြူမျိုး မှန်လျှင် ဆင်မည်းဖွားရိုး မရှိ။ နေ,လတို့သည် မိမိအရောင်ကို ဖျက်၍ မထွန်း။ သမုဒ္ဒရာတို့မူလည်း ကမ်းကို ရေလျှံရိုး မဟုတ်။ ငါတို့မင်းမျိုး၌လည်း အနီး, အဝေး မရွေးလေရာ။ အာဏာသားနား ထားသောစကား ဖျက်ရိုးထုံးဟောင်း


mgyoe.com

mgyoe.com SAMPLE BOOK

မလာ။ မင်းတည်ကြည်မှ ပြည်သာသည်ကို အနွယ်တော်စောင့်သော တရား မပျက်သင့်။ ငါလည်း သိတော်မူသည်ပင်။"

အမိန့်တော်ရှိ၍၊ ဦးရိုးတော် အနန္တဘာယကို သူသတ်လက်သို့ အပ်၍၊ အမတ်ကြီးသို့လည်း စားကျေး မင်းထုံးကို ပေးတော်မူလေသည်။

သက်တော် ၁၅ နှစ် ရောက်သောအခါ လွန်လေသော ဦးရိုးတော့်သမီး မြတ်ရွှေညာကို တောင်ညာ နှင်းတော်မူ၍၊ ဘေးတော်၊ ဘိုးတော်၊ ခမည်းတော် တို့နည်း ဘိသေကကို ခံတော်မူသည်။

## ၁၅
## စစ်တကောင်းကို သိမ်းခြင်း

ထိုမင်းလက်ထက် မောက်သူဇာ-ဘင်္ဂါး ၁၂ မြို့ကုလားတို့ သက်နှင့် ပေါင်းပြီး၍ ဒီလီပဆာမင်းထံ ဝင်လျက် သောင်းကျန်းလေပြန်ရာ၊ စစ်သူကြီး ဓမ္မဓေယျနှင့် ကိုယ်ရံကြီး ပြသထ-ထို ၂ ယောက်ကို ရဲမက် ၁ သိန်း ၅ သောင်းနှင့် ချီတက်စေသောအခါ၊ စစ်ဆင်သောထုံးသော်ကား ကြည်း၊ ရေ '၂' ဝ ချီသွား၍ အမတ်ကြီးတို့ မဟာစိုးကျွန်းသို့ ရောက်လေရာ၊ သက်တို့လည်း နိုင်လုံစွာနှင့် ကြိမ်တန်းတောင်က ခံနေလေသည်။ ကုလားများလည်း စစ်တ ကောင်းအဝင် ဟင်ရာဝက သင်္ဘော ၁၀၀၊ လက်နက်အစုံ ဆီးဆို့နေလေသော် အမတ် ၂ ဦးတို့ ညီညွတ်တိုင်ပင် ဆိုကြသည်ကား-

"ကုလားမှာမြေ၊ သက်မှာခြေ။-ကုလားပျက်လျှင် သက် အလွယ်သာ ဖြစ်သည်။ သက်နှင့် ကုလား မပူးစေရ။"

မရိမ်ဝတွင် စိန်တင်စားတပ်၊ မြို့ချောင်းစားတပ် သူရဲ ၁ သောင်းနှင့် နိုင်လုံစွာ စွဲရပ်နေလေသည်။ ယင်းသို့ပြီးတစ်မူ စပ်တင်လှေကြီး ၅၀၀ ကို ကျောက်တင်စေပြီးမှ သင်္ဘောထွက်ရေကြောင်း ညဥ့်အခါသွား၍ မြှုပ်ထားစေ သည်။

ထိုသို့ပြီးလေရာ၊ ဝါးဖောင် ၁၀၀၀ ၌ အမှိုက်ပြည့်စွာ ထည့်လျက် လူရုပ်သဏ္ဌာန် လက်နက်စွဲကိုင်စေ၍ စစ်ဝတ် ဆင်ပြီးလျှင်၊ ထိုဝါးဖောင်တွင်


mgyoe.com

mgyoe.com SAMPLE BOOK

အများထည့်လေသည်။ ယင်းသို့ပြီးမှ ယမ်းအိုးအများ စေ့အောင် ဝါးဖောင်၌ ထည့်လေ၍၊ ထိုသို့ အခမ်းအနားစီရင်လေပြီးသော်၊ ဖျားရေကြီးသောနေ့၌ မြစ်ညာက ထိုဝါးဖောင်တို့ကို မျှောလေရာ၊ သင်္ဘောကုလားတို့က 'လူ' အမှတ်ထင်၍ အမြောက်နှင့် ပစ်လေသည်ကာလ ဝါးဖောင်၌ ယမ်းအိုးက မီးထ၍ သင်္ဘောသို့ ရောက်လတ်လျှင်၊ ပင်လယ်သို့ထွက်လေရာ ရေကြောင်းပိတ်ဆို့ ရှိပြန်သောကြောင့် မထွက်နိုင်လေ။

ထိုဝါးဖောင်တို့သည် မီးပုံကြီးစွာ ထပ်ကာထပ်ကာ မျောလာထိခိုက်သင်္ဘောကို မီးစွဲလေ၍ သင်္ဘောတပ် ပျက်ဆုံးလေရာ၊ ကုန်းတပ်ကုလားတို့ စစ်တကောင်းမြို့က ဆုတ်သွားကြလေလျှင် စစ်တကောင်းမြို့ကို ဓား, လှံ မကျိုး လွယ်ကာနှင့် ရလေသည်။

'ကုလားတပ် ကြည်း,ရေ ပျက်၍ စစ်တကောင်းမြို့ကို ရကြောင်း။' သက်မင်း သိလေရာ၊ အလွန်ကြောက်လှ၍ သက်မင်းကိုယ်တိုင် လက်ဆောင်များစွာနှင့် ဝင်ရောက်လာသည်။

အမတ်ကြီးတို့လည်း စစ်တကောင်းမြို့က ချီသွား၍ မောက်သူဇာမြို့ကို ရပြန်လေသော်၊

မောက်သူဇာမြို့တွင် စိန်တင်စား, ဒါဂါမြို့တွင် အမတ် မြို့ချောင်စားတို့ကို ထား၍၊ 'ကုလားအကြီး သက်မင်းနှင့် ခေါင်းအကြီးတို့ကို ခေါ်ယူပြန်လာစေ။'

အမိန့်တော်ရောက်လျှင် အမတ်ကြီး ၂ ယောက် ပြန်လာခဲ့သည်။

သက်မင်းငဖုန်းကို အသက်မသတ်။ ခြေတော်ရင်းတွင် ထားလေသည်။

"မုဿလမ်ကုလားတို့မှာ အကောက်အဆိုး များသည်။"

အမိန့်တော်ရှိ၍ ကုလား၄၁နှာ လူပေါင်း ၅၀၀အနက် ၁၀၀ ကို တန်ဆာသိမ်း၍ မိန်းမစိုး မော်လိပ်အစုမှာ ဖြည့်တော်မူသည်။ ၄၀၀ ကုလားတို့မှာ စီရီရေခပ်အစုမှာ ဖြည့်တော်မူလေသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၆

## သက်မင်းကို သိမ်းပိုက်ခြင်း

ထိုမင်းလက်ထက် ကောဇာသက္ကရာဇ် ၆၉၅ ခု၌တွင်

'အရှေ့သက်တို့ မငြိမ်မသက် တောင်စဉ်ကျေးရွာတို့ကို ဖျက်ဆီးရောက်ပေါက်ကြောင်း။'

လမု သူကြီးက လျှောက်တင်လာသော်၊ အမတ်ကိုယ်ရံကြီး ရာဇစည်သူသကြံကို ရဲမက် ၁ သိန်း၊ ကိုယ်တော်ရံ သူရဲ ၂ သောင်းပေး၍ ချီတက်စေရာ၊ အမတ်ကြီး စစ်ဆင်ကြိယာသော်ကား

- မင်းထိုးမြို့လမ်း တောင်ခွင်စား ရဲကျော်နှင့် ကမ်းယံသူရဲ ၁ သောင်းကို ချီစေသည်။
- တောင်ဂုတ်လမ်း တောင်ဂုတ်စား ရန်မသူနှင့် သူရဲ ၁ သောင်း ချီစေသည်။
- ဆပြင်ကမာလမ်း ပန်းတော်စား သတိုးအောင်သူနှင့် သူရဲ ၁ သောင်းကို ချီစေသည်။
- ဓားလက်လမ်းက ဓားလက်စား ကျော်ပုံနှင့် သူရဲ ၁ သောင်းကို ချီစေသည်။
- ရှူးသရွယ်လမ်း ရှူးစား ညိုရောင်ကို သူရဲ ၁ သောင်းနှင့် ချီစေသည်။
- သလ္လူကမြစ်လမ်း မာန်အောင်စား ချစ်သူနှင့် သူရဲ ၁ သောင်း၊ သံတောင်စား လကျ်ာသူနှင့် သူရဲ ၁ သောင်းကို ချီစေသည်။

ကိုယ်တော်ရံသူရဲ ၂ သောင်း၊ ကုလား ၃ သောင်း- လူပေါင်း ၅ သောင်းနှင့် အမတ်ကြီး စနည်းလမ်း ချီတက်၍၊ အသီးသီး တပ်များကို အမတ်ကြီးက အရည်လှပသော မိန်းမတစ်ယောက်စီ အပ်လိုက်၍ မှာသည်ကား

''တောင်ခွင်၊ ကြိမ်တလီလမ်း ချီသူတို့သည်း ပဲခူးမင်းနှင့် နီးသည်။ သူတို့က ဆီးဆို့ ချီလာခဲ့သော် 'စစ်ထိုးမည် မဟုတ်။ သမီးကညာ ပဲခူးမင်းကို ဆက်မည်။ လာသည်။' ယင်းသို့ဆို၍ ထိုမိန်းမကို ကောင်းမွန်စွာ ခြွေရံနှင့် ပြလေ။

''ဓားလက်လမ်း ချီစေသောတပ်နှင့်လည်း ပျူနိုင်ငံ ပန်းယမြို့နှင့် နီးသည်။ ပန်းယမင်း ဥဇနာက ချီလာသော် ထိုနည်းပြသ ပြောဆိုလေ။ သက်မင်း


mgyoe.com

mgyoe.com SAMPLE BOOK

ကို ဖမ်းမိရသောအခါမှ သက်မင်းနေသော မစ္ဆဂီရိသို့ ငါ့ကို ချုပ်မိလျှင် အထက်တပ်, အောက်တပ် အစဉ်အတိုင်း အနေသင့်ရာ၌ တပ်ခိုင်စွဲချ၍ ငါ့ထံသို့ မပြတ်လျှောက်ထားလာစေ။''

မှာထား၍၊ စစ်သူကြီးအမတ်တွင်လည်း အသွေးရှိသော မိန်းမတစ်ယောက်ကို ခြွေရံများနှင့် ကောင်းစွာဆောင်ယူလေသည်။

အမတ်တို့ချီသွား၍ တိုင်တားမြို့သို့ ရောက်လေသော် အရေးတတ်သော လေးမြို့စားသံတိုင်ကို လက်ဆောင်သဝဏ်စာနှင့် 'သက်မင်းထံ သမီးကညာဆက်လာသောအကြောင်း' ကို စေလွှတ်လေသည်။

လေးမြို့စားသံတိုင်လည်း သွားလေ၍ သက်မင်းထံ ရောက်လေရာ အမတ်ကြီးမှာတိုင်း ပြောဆိုလျှောက်တင်လေသော်၊ သက်မင်းလည်း အလွန်အားရတော်မူ၍ လေးမြို့စားကို ဆုလာဘ်များပေးပြီးမှ အမတ်ကြီးကို ဆင်ပေါက် ၁ စီး, ရွှေစလွယ်, ရွှေကွမ်းချပ်, ရွှေကြိုးရွှေကနှင့် မြင်း ၂ စီး, ရွှေထွေးခံများကို ပေးလိုက်၍ အမတ် မင်းတပ်စား ဖြဿိုကို ထည့်တော်မူလိုက်သည်။

ထိုအကြောင်းကို အမတ်ကြီး သိလေလျှင် ရဲမက်တို့ကို ဖိုးခေါင်မှာ တင်ထား၍ အတန်လူနှင့်သာ နေလေသည်။

ဖြဿိုအမတ် ရောက်လာသော် ထိုမိန်းမကို ပြသကြည့်ရှုစေပြီးလျှင်၊ 'ကြိုတော်မူစေလိုကြောင်း' လျှောက်စာ ဆက်လိုက်၍ ပြန်စေသည်။

မင်းတပ်စားဖြဿိုလည်း 'လောင်ကြက်မြို့ ရှင်မင်းထီးနှမတော် ဖြစ်ကြောင်း' အမတ်ကြီးထွက်လာချက်အတိုင်း လျှောက်လေရာ၊ အားရတော်မူ၍ အကြိုမင်းတပ် ရောက်ထွက်ခဲ့သည်။

'မင်းတပ်တွင် ပွဲသဘင်ကြီးကျယ်စွာ သက်မင်း ခံနေကြောင်း' လူရောက်လာလျှင် အမတ်ကြီးက ဒါဂါစား ရဲအောင်နိုင်သို့ ကိုယ်တော်ရံ သူရဲကောင်း ၁ သောင်း, တိုက်ဆင် ၁၀၀ ပေး၍ ထိုမိန်းမကို အဆက်ယူလျက် ရှေ့က ချီသွားစေသည်ကာလ မှာပြန်သည်ကား

mgyoe.com

mgyoe.com SAMPLE BOOK

"သက်မင်းသည် အပျော်မှု၌ လွန်သူ။ အပျော်အရွှင်သဘင်မှု၌ လွန်သော သူအား မေ့လျော့ထိုင်းမှိုင်း ပေါ့ဖျင်းလျက် သေသောက်ကြူးနှင့် တူသည်။ တရွေ့ရွေ့သာ သွားလေ။"

ထိုနောက်သော်ကား ကံသာမြို့စား ဝန်တဗိုလ်ကို သူ့ရဲကိုယ်တော်ရံ ၁ သောင်းပေး၍ တောကြောင်းချီလျက် သက်မင်းနောက်က ပိတ်စေသည်။

သက်မင်းယင်စောကား မီးမကျသော ပိုးဖလံကဲ့သို့ ပွဲသဘင်နှင့်သာ ပျော်ပါးနေရာ၊ ဒါဂါစား ရဲအောင်နိုင်လည်း ထိုမိန်းမကို ဝင်၍ဆက်လေသည်။

သက်မင်း အလွန်ချစ်မြတ်နိုးလျက် သဘင်၌အတူ ထိုမိန်းမနှင့် ကြည့်ရှုရာ၊ ညဉ့် ၁ ပဟိုရ်ခန့်တွင် ရှေ့၊ နောက် ပိတ်ဆီး၍ တိုက်လေသော် သက်မင်းယင်စောနှင့် သားအလတ် စောဖြူ၊ သားအငယ် စောတူတို့ကို ရသည့်နောက်၊ ချီသွား၍ မစ္ဆဂီရိ ရက်တောင်သို့ ရောက်ပြန်ရာ သားအကြီး စောစံနှင့် မိဖုရား ၃ ပါး၊ မောင်းမအကုန်ကို ရပြန်သည်။

သက်မင်းယင်စောနှင့် သား ၃ ပါး၊ မိဖုရား ၃ ပါး၊ သမီး ၂ ပါး၊ မောင်းမများနှင့် ဒါဂါစား ရဲအောင်နိုင်ကို စေ၍ ပြည့်ရှင်မင်းထံ သက္ကရာဇ် ၆၉၅ ခု တပို့တွဲလဆန်း ၂ ရက်နေ့[၁] ပို့ဆက်စေသည်။

ယင်းသို့ ဉာဏ်ပညာဖြင့် သက်မြို့ကို စား၊ လုံမကျိုး ရပြီးမှ ပြည်မြို့သို့ ချီလေသော်၊ ပြည်စား အတိုက်မခံဝံ့၍ ဆင်ပေါက် ၅၀၊ ပြောင် ၂၀၊ ရွှေ၊ ငွေ၊ အထည်အလိပ်များကို ဆောင်ယူလျက် အမတ်ကြီးနေရာ ကာမမြို့ရောက် ပို့ဆက်လာသော် ပြည်မြို့ကိုကား မတိုက်မဖျက်။ သက်အိမ်ထောင်စု ၁ သောင်းကို သိမ်းယူ၍ ၄င်းသက္ကရာဇ် ၆၉၅ ခု တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့[၂] အမတ်ကြီး ပြန်ခဲ့သည်။

သက်မင်းကိုကား ကျောက်မသာ ကျောက်ဖျာရွာကို ပေးတော်မူသည်။

သက်မင်းသမီး 'စောမေ' ခံကို မင်းချစ်တန်ဆောင် ထားတော်မူသည်။

သက်မင်းသမီးအငယ်ကို အမတ်ကြီးသား အမ်းစား အောင်သူနှင့် ပေးမြားတော်မူသည်။

---

၁။ ခရစ်နှစ် ၁၃၃၃ ခု။
၂။ ခရစ်နှစ် ၁၃၃၄ ခု ဇန်နဝါရီလ ၆ ရက်။

mgyoe.com

mgyoe.com
SAMPLE BOOK


သက်အိမ်ထောင် ၁ သောင်းကို အမ်းချောင်း၊ ယူးချောင်းများတွင် ချထားတော်မူ၍ ဒိုင်းနက်ငွေခွန် ဖွဲ့တော်မူသည်။

အမတ်ကြီးကို 'မဟာဝေဿဝဏ္ဏ' အမည်ကို ပေးတော်မူ၍ ဆင်က ရွှေသား၊ ဖောင်းဖြူ၊ ထွက်စည်၊ ရွှေထမ်းစင် ပေးသနားတော်မူသည်။

သက်မင်းသားအကြီး စောစုံကို ကျွေးတဲစား၊ သားအလတ် စောဖြူကို မီးစား၊ သားအငယ် စောတူကို ကင်းစား-အသီးသီး သူကောင်းပြု၍ အပါး တော်တွင် ထားရာ၊ လေးမြို့သို့အချိတွင် သက္ကရာဇ် ၇၀၅ ခုနှစ် သက်မင်းသား ၃ ယောက် လေးမြို့သာ ဘိုးခေါင်တောင်ကိုလွှဲ၍ အရှေ့ပြည်ကို ပြေးလေ သည်။

ယင်းသောအခါ သက်မင်းကိုသော်ကား မည်သို့ အပြစ်မပြု။ စားကျေး မြို့ရွာကိုလည်း မနုတ်။ ထားမြဲသာ ထားတော်မူသည်။

သက်မင်းသား ၃ ယောက် အရှေ့ပြည်သို့ ရောက်သော် ပင်းယတစ်စီး ရှင် ဉစ္စာနထံနေရာ အကြီးမှာ မြင်စိုင်းမြို့ကို စားရလေသည်။

ညီတော် စောဖြူမှာ ကျော်စွာမင်းလက်ထက် 'မင်းရန်နောင်' အမည်ခံ၍ ပြည်မြို့ကို ရပြန်လေသည်။

ညီအငယ် စောတူသော်ကား စစ်ကိုင်းမင်းတရားထံ ထမ်းရွက်လေ၍ အမြင့်မြို့ကို စားရသည်။

## ၁၃
## အင်းဝမြို့တည်ခြင်း

ထိုသို့သောကာလ၌ အရှေ့ပြည်တွင်လည်း အသီးသီး အလိုလို မင်းမူ ကြလျက် စစ်မက်ထူထပ် များစွာသတ္တဝါတို့ ကပ်ဥပါဒ်အလျောက်ရှိလေရာ ကြခတ်ဝရာ သားတစ်ယောက်သည် အရေး၌ လိမ္မာသူဖြစ်၍၊ တစ်စီးရှင်က 'စောသမွန်' အမည်နှင့် တကောင်းမြို့ကို ပေး၍ စားရသည်။

mgyoe.com

တကောင်းစားသား ချစ်နှောင်းဦးလည်း တစ်စီးရှင်မင်းသား ကျော်စွာထံ သူငယ်တော်ခံလျက် နေရလေသည်။

ယင်းသောအခါ တကောင်းစားစောသမွန် ခြားနားမည် ကြံသော အကြောင်းကို တကောင်းမြို့အကြီး ရှိဘတ္တရာဇာ ပင်းယမင်းသို့ လျှောက်လေရာ၊ တကောင်းစားကိုခေါ်၍ မေးတော်မူသည်။

'မဟုတ်မမှန်ကြောင်း' နှင့် လျှောက်တင်လေလျှင် တကောင်းစားသို့ ဘတ္တရာဇာကို အပ်လိုက်၍၊ ဘတ္တရာဇာ လက်လွတ်ထွက်ပြေးခဲ့လျက် ရက္ခပူရတိုင်း ပြည့်ရှင်မင်းထံ ရောက်လာသော်၊ အကြောင်းအရာတို့ကို စုံစေ့မေးတော်မူပြီးမှ သိတော်မူလျှင် ကိုယ်လုပ်တော်မောင်းမ ဝင်းစံကို ထုတ်၍ ပေးမြားတော်မူသည်။ စားကျေးလည်း ဦးရစ်တောင်စားအရာ ပေးတော်မူသည်။

ပင်းယမြို့တွင်လည်း မောပါမင်းသည် အကျင့်ပျက်၍ ရှိလေသော်၊ တကောင်းမြို့စား စောသမွန်သား ချစ်နှောင်ဦး ဗိုလ်ခြေနှင့် ကြခတ်ဝရာစား လာခဲ့၍ ပင်းယကို လုပ်ကြံရလေသော် 'သတိုးမင်းဖျား' အမည်နှင့် မင်းပြုသည်။ ယင်းသို့နောက် စစ်ကိုင်းမြို့ကို တိုက်ပြန်လျှင် ရလေသော် သက္ကရာဇ် ၇၂၆ ခု[၁]တွင် အင်းဝမြို့ကို တည်သည်။

သက်မင်းသား အငယ်ကိုလည်း 'တရဖျား' အမည်နှင့် အမြင့်မြို့ကို စားရလေသည်။

စစ်ကိုင်းမြို့ မင်းပြောက်အမတ် ရေနဲ့စား လေးဆယ်သူ့၊ မောက်ကတော်စား တုရင်ရဲကျော်- ထို ၂ ယောက် လူပေါင်းမိန်းမ,ယောကျ်ား ၂၀၀ ခန့်နှင့် ပြေးဝင်လာရောက်သော်၊ အရှေ့ပြည်အကြောင်း စုံစွာမေးတော်မူ၍ လေးဆယ်သူမှာ ရမ်းဗြဲစား, တုံရင်ရဲကျော်ကို သောင်တီးစားအရာ စားကျေးပေးတော်မူ၍ ထားလေသည်။

ပြည့်ရှင်မင်းကြီးကား အနီး,အဝေး ရွေးတော်မမူ။ ပညာအလျောက် သူကောင်းပြုတော်မူသည်။

---

၁။ ခရစ်နှစ် ၁၃၃၄ ခု မတ်လ ၂၇ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၈

## ဝရဓမ္မရာဇာမင်း

သက်တော် သက္ကရာဇ်သော်ကား ၇၅၁ ခု[၁]တွင် နတ်ရွာလွန်တော်မူသည်။

သားတော် ရာဇသူ. သက်တော် ၆၀ တွင် ခမည်းတော်ရိုက်ရာကို စိုးတော်မူသည်။ 'ဝရဓမ္မရာဇာ' အမည် ခံတော်မူသည်။

ထိုမင်း အကျင့်သီလသော်ကား နန်းတက်တော်မူလျှင် မှူးမတ်, ပြည်သူ အား အမိန့်တော် ပိုင်းဖြတ် သားနားထားတော်မူသည်မှာ–

''ရှေး ဘိတော်, ဘေးတော်, ဘိုးတော်, ခမည်းတော်တို့လက်ထက် တော်က ပေးသနားတော်မူခဲ့သည့် အဆောင်အရွက်, စားကျေးမြို့ရွာ, သူကြီး, ကလန်, အစို့, အငန်းသားတို့မှာ သားမြေးစဉ်ဆက် စားသုံးဆောင်ရွက် ကြီး စိုးမြဲ ရှိသည့်အတိုင်း ကြီးစိုးထမ်းရွက်စေ။

''တုတ်ခွန်ဘဏ္ဍာ ခံယူသုံးဆောင် ဆက်သွင်းသည်များမှာလည်း အသည်သားတို့မှာ ၁ နှစ်လျှင် အိမ်ကြီး ၅ သပြာ, အိမ်ငယ် ၂ သပြာခွဲ။ အစို့ အခွန်သားတို့မှာ အိမ်ကြီး ၁၀ သပြာ, အိမ်ငယ် ၅ သပြာ။ အရိုင်းတို့မှာ ဓား ၁ စင်း, ယာ ၁ ခင်းလျှင် ၃ သပြာစီသော တောင်းခံမြဲထုံးစံ ရှိသည့် အတိုင်း အစဉ်ကိုသာ ခံယူသုံးစား ဆက်သွင်းစေ။

''အမှုထမ်းသင်း ကိုယ်ရံမှစ၍ ဝင်းသား, ဒိုင်းသား, ဟရာစီရိတို့ကို အခွန်အတုတ် မတောင်းမခံစေနှင့်။ အစိုးရင်းမှာသာ ထမ်းရွက်နေထိုင်စေ။

''မင်းမိဖုရား, မင်းသား, မှူးမတ်တို့မှာလည်း ရှေးအသီးသီး ပေးဖွဲ့ ထားခဲ့၍ ရှိသည့်လူကိုသာ စေသုံးစေ။ အခြားသူတို့ကို ကပ်ခိုလက်ခံ မထမ်း မနေစေနှင့်။

''တရားတပေါင် လက်ရောက်နှုတ်လွှန် မြေမှု, ရေမှု, အိမ်မှု, ငွေမှု များမှာလည်း တရားဆွေ ၄ ယောက်, ပြည်စိုး ၄ ယောက်တို့ မြို့ ၄ မျက်နှာ က တရားမဏ္ဍပ်နှင့် စီရင်မြဲကို စီရင်စေ။ ပြီးပြေလျှင် အမှုကြီး,ငယ်ကို ထောက်၍ ၅ သပြာတန်သည်– ၂ သပြာတန်သည်ကို စီရင်သူက ခံယူသုံးစား စေ။ 'မင်းရာစိုးထူး' ဆို၍ မကုန်မကျစေနှင့်။

---

၁။ ခရစ်နှစ် ၁၃၄၃ ခု။

mgyoe.com

''တရားဆွေ၊ ပြည်စိုးတို့ စီရင်၍မပြီးသော် အမတ် ၄ ယောက်စုံညီ စီရင်ဆုံးဖြတ်စေ။ မပြီးမူ အမှုသည် ၂ ဦးကို အတွင်းသို့ ဝင်စေ။

''ခိုးမှု၊ ရိုးမှုများမှာလည်း ရိုက်ပုတ်ထောင်းသတ်၍ မစစ်မမေးစေနှင့်။ ပညာဖြင့်သာ ပေါ်အောင်စစ်။ ခိုးသည်မှန်လျှင် စာထိုး၍ ဟရီအစိုးမှာ ဖြည့်။

''အသက်သေဆုံးလျှင် မည်သူမဆို သေစားသေစေ။

''မှူးမတ်မယားကို ပြစ်မှားသူတို့မှာ မျက်နှာတွင် ဆေးရေး၍ မောင်းလည်ပြီးလျှင် မိန်းမ၊ ယောကျ်ား-၂ ယောက်ကို ရေခပ်စီရီအစိုးမှာ ဖြည့်။

''ဘိသိက်ဆက်မင်္ဂလာ ပုဏ္ဏားနှင့် အခြားပုဏ္ဏား မရောစေနှင့်။

''ရဟန်းသံဃာတို့မှာလည်း မြတ်စွာဘုရား ဟောတော်မူရင်းစကားကို ရှည်ကြာထွန်းလင်းအောင် ဝဋ္ဋဂါမဏိမင်းလက်ထက် သီဟဠဘာသာ အက္ခရာ တင်ထားခဲ့သည့် ပိဋကတ် ၃ ပုံကိုသာ သင်ကြားလေ့လာရမည်။ ပုထုဇဉ်တို့ ပြုလုပ်သော ကျမ်းဂန်များကို မလေ့မလာသင့်။ နောက်ကိုလည်း ကျမ်းဂန် မလုပ်စေနှင့်။ ဝိနည်းမိုရ်ဆရာတော်က နိုင်အောင်မြစ်။''

ထိုသို့ အာဏာတော် ပိုင်းဖြတ်ထားတော်မူသည်။

## ၁၉
## ဝိမလလျှောက်ထုံး-၃

သက်တော် ၆၃ နှစ် ရောက်သောအခါ၊ 'ချစ်မြတ်နိုးတော်မူသော အမတ်ကြီး မနုဟာသမီး မြတ်ကုံးကို တောင်ညာနှင်း၍ ဘိသိက်ခံတော်မူမည်။'

ပညာရှိအမတ်မျိုး စစ်တကောင်းစား ဝိမလကို မေးတော်မူလေရာ အမတ်ကြီးလျှောက်သောထုံးသော်ကား-

''အရှင်မင်းမြတ်။ မိန်းမကောင်းလက္ခဏာကို ရှေးပညာရှိတို့ ဆိုခဲ့သည်ကား 'ဣတ္ထိဘရိယာ၊ အင်္ဂါညီညွတ်၊ မိန်းမမြတ်တို့၊ လင်ဝတ်လင်မှု၊ အနုအရင့်၊ အခွင့်လိမ္မာ၊ သဒ္ဓါရက်ရက်၊ ရမ္မက်နည်းပါး၊ စကားတည်ကြည်၊ ဆိုသည်အချက်၊ ထွက်လည်းနာဖွယ်၊ ပြစ်ခြောက်သွယ်မူ၊ ယှူဖွယ်မရှိ၊ ဟိရိသြတ္တပ်၊ စောင့်ကြပ်ကိုယ်ဝယ်၊ ပြက်ရယ်သွမ်းမှု၊ မပြုဖြောင့်ဖြောင့်၊ အမျိုး


mgyoe.com

mgyoe.com SAMPLE BOOK

စောင့်၏။ မထောင့်လိမ့်လက်၊ အိပ်စက်ဝတ်စား၊ အသွားအနေ၊ အစေအသုံး၊ ရွေးထုံးနှိုင်းညှိ၊ မတိမလိုက်၊ စရိုက်ရန့်ကြမ်း၊ မိန်းမသွမ်းနှင့်၊ မပြွမ်းရောနှော၊ သဘောတည့်မတ်၊ သူ့ထက်မြတ်သည်။' ထိုသို့သောမိန်းမကို စကြာမန္ဓာတ်မင်းတို့သော်လည်း ဘိသိက်ခံအပ်ကြောင်းကို ထုံးဟောင်း ရှိပါသည်။

"လောကီလက္ခဏာကျမ်းတွင်လည်း ရာဇဒေဝီမိဖုရားကြီးသည် သီလစာဂံ-အကျင့်သီလမြဲခြင်း လည်းကောင်း။ ကေသမယုံ-ဆံပင်နက်၍ ကောင်းခြင်း လည်းကောင်း။ လက္ခဏာပါဒံ-ခြေ,လက်သေးသွယ် နူးညံ့ခြင်း၊ အရေးအကြောင်းနက်ခြင်း လည်းကောင်း။ ရူပံ-အဆင်းလှခြင်း လည်းကောင်း။ သဒ္ဒံ-အသံသာဖွယ်ရှိခြင်း လည်းကောင်း၊ မံသံ-အသားနူးညံ့ခြင်း လည်းကောင်း၊ ဗဟုကာ-များသော မောင်းမအပေါင်းတို့အား ရိပ်ခြည်သိစွာ လိမ္မာခြင်း လည်းကောင်း။- ထိုအင်္ဂါ ၇ ပါးမိဖုရားကြီး၌ စုံအပ်ကြောင်းကိုလည်း ရှေးထုံးဟောင်းလာပါသည်။ အရှင်မိဖုရားမြတ်ကုံးသည် ထိုသို့အင်္ဂါတို့နှင့် ပြည့်စုံလျှင် တောင်ညာထားမိဖုရားကြီး မြှောက်ထိုက်ပါသည်။" လျှောက်လေသော်၊ ပြည့်ရှင်မင်းက အမတ်ဝိမလသို့ သပြာ ၁၀၀၀ ဆု ပေးတော်မူသည်။

## ၂၀
## ရေကြက်သားအရေး

တစ်ရံရောအခါ၌ ထိုမင်းသည် ရေကြက်သားကို စားချင်တော်မူသောစိတ်ရှိလတ်၍ ပညာဖြင့် ဆင်ခြင်လျှက်၊

'ထိုငှက်သားကို စားလိုစိတ်ရှိသည့်အတိုင်း နှုတ်မြွက်၍ သူတစ်ပါးသို့ ပြောဆိုချေသော် ငါလည်း အစိုးရမင်းဖြစ်ချေသည်။ 'မင်းကြိုက်သောအစာကို ဆက်ရသော် မျက်နှာရအံ့။' မှူးမတ်ပြည်သူတို့ ထိုသတ္တဝါကောင်အား နှိပ်စက်ဖမ်းဆီး သတ်ညှစ်၍ ဆက်ရာချေသည်။ မစားလျှင် အကျိုး, စားလျှင် အပြစ်ရောက်အံ့လော။'

ကြံတော်မူလျက် ဆင်ခြင်တော်မူပြန်သည်ကား။


mgyoe.com

'ထိုအကောင်အသားကို ပညာရှိသူတော်ကောင်း ရှာ၍ ပေးသော အစာကို စားရလျှင် ငါ၌ အပြစ်လွတ်အံ့။

ယင်းသို့ ကြံတော်မူ၍ ပညာရှိအမတ် ဝိမလကို ၂ ကိုယ် ခေါ်တော်မူ၍၊ 'ရေကြက်သား စားတော်မူလိုကြောင်း' ဖြင့် ပြောဆိုတော်မူလေသည်။

ထိုအမတ်ဝိမလ ဆင်ခြင်ပြန်သည်ကား

'အရှင်ကောင်းမှ ကျွန်ကောင်းမည်။ ကျွန်ကောင်းမှလည်း အရှင်၌ အပြစ် ကင်းရာသည်။ ရှေးထုံးဟောင်း စကားတွင်လည်း မင်းတိုင်ပင်ပြုလိုသော မှူးမတ်လက္ခဏာကို ဆင်ခြင်လျက် လျှောက်တင်ပြောဆို မင်းခွင့်ပေးအပ်သည့် စကားအမှာ ရှိသည်။ ယခု အရှင်မင်းမြတ်မူလည်း သမ္မာအာဇီဝအစာကို စားရလို၍ ငါ့အား တိုင်ပင်တော်မူသည်မှာ အခြားသူအား အရှာထည့်ချေသော် မသန့်သောအစာဖြင့် ပေးလာ၍ မင်းထံဆက်ချေမူ၊ ငါ့အားယုံလျက် စားမိချေသော် ထိုအစာလည်း မသန့်။ ငါ့ကို ယုံသောအကျိုးလည်း မင်း၌ မရှိ။ တရားလိမ္မာသောသူအား ရှာစေမှ သင့်မည်။' ကြံလျက်

ဓမ္မပါလသူတော်ကို ခေါ်၍ ရေကြက်သားကို လိုသောအကြောင်းကို ပြောဆိုလေသည်။

ထိုဓမ္မပါလသူတော် ကြံပြန်သည်ကား

'တရားသီလ မြဲသောသူတို့သည် ကာယဘေဒ-ကိုယ်၏စောင့်ခြင်း၊ ဝစီဘေဒ-နှုတ်၏စောင့်ခြင်း၊ မနောဘေဒ- နှလုံး၏စောင့်ခြင်း၊ ထိုကံ ၃ ပါးကို ဘုရားမြတ်စွာ မိန့်တော်မူသည်မှာ 'သူတော်ကောင်းလက်နက် ထို ၃ ပါးလုံမှ သူတော်ကောင်းမှန်သည်။' ဆင်ခြင်လျက် ငါ့အားယုံ၍ သန့်သော အစာ ရလိုကြောင်းနှင့် အမတ်ကြီးဝိမလ လျှောက်ချေသည်။'

ပေးသူလည်းတင့် စားသူလည်းသင့်အောင် မြစ်ဆိပ်ကမ်းနား တောတောင်အနှံ့ ဓမ္မပါလသူတော် ရှာလေသော် ရေကြက်ငှက်တစ်ကောင် မိမိအလျောက် ကံကုန်၍သေသည်ကို တွေ့လေရာ ဆောင်ယူခဲ့လျက် အမတ်ဝိမလထံ ပေးလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အမတ်လည်း ကောင်းမွန်စွာ ကိုယ်တိုင်ချက်ပြီးလျှင် မင်းထံဆက်လေရာ၊ ပြည့်ရှင်မင်း မြိန်စွာ စားတော်ခေါ်လေသည်။ သည်တွင်မှ ထိုအသားကို တပ်သောနလုံးဝေဒနာတော် ကင်းငြိမ်း ချမ်းသာတော်မူလေသည်။

## ၂၁
## ဝရဓမ္မမင်းက ဝိမလကို ချီးမြှင့်ခြင်း

ထိုမင်း သက်တော် ၈၅ နှစ်ရောက်လတ်သောအခါ မဟာမုနိဘုရား ရောင်တော်လွှတ်သည်။ ငလျင် အကြိမ်များစွာ လှုပ်သည်။ တော် လည်းသည်။ ဥက္ကာပျံသည်။ နတ်အမြောက်သံ အကြိမ်များစွာ ကြားသည်။ တောင်ပြိုသည်။ နန်းသို့ မိစ္ဆာဝင်သည်။ နဂါးချေး လွှတ်သည်။ ကြာသပတေးကြယ် လကို ထွင်းသည်။ စနေ၊ အင်္ဂါဂြိုဟ် ပျံသည်။

ထိုသို့ တိတ်နိမိတ်များကို အမတ်ပညာရှိ ဝိမလ လျှောက်ထုံးသော်ကား-

"ဘုရားပုထိုး အရောင်လွှတ်သည်။ တောင်ပြိုသည်များမှာ မင်းနှံ့ အကြောင်းထုံးဟောင်း ရှိပါသည်။

"ဥက္ကာပျံသည်၊ နတ်ချေးလွှတ်သည်၊ ရပ် ၈ မျက်နှာတိမ် သွေးသို့ မြင်သည်များမှာ မင်းမိဖုရား၊ မင်းသား၊ ဥပရာဇာတို့အကြောင်း။

"ငလျင် အကြိမ်များစွာလှုပ်၏။ တော်လည်းသည်မှာ ပြည်သူတို့ အကြောင်း။

"နတ်အမြောက်သံ ကြားသည်မှာ၊ စနေ၊အင်္ဂါဂြိုဟ် ပျံသည်မှာ စစ်ချီ စစ်ရောက်ရာသော အကြောင်း။

ကြာသပတေးကြယ် လကို ထွင်းသည်။ ကြာသပတေး ပျံသည်၊ ဆုတ်သည်၊ နေသည်များမှာ ရဟန်း၊ ပုဏ္ဏား၊ မိကြီးဖကြီး၊ ဆွေကြီးမျိုးကြီး၊ မှူးကြီးမတ်ကြီးတို့အကြောင်း။

"နန်းတွင်းသို့ နတ်မိစ္ဆာဝင်သည်မှာ နန်းသူတို့သိက္ခာပျက်သောအကြောင်း။ ယင်းသို့ ထုံးဟောင်းလောကီကျမ်းများ ရှိပါသည်။"

အမတ်ကြီး လျှောက်လေသော်

ပြည့်ရှင်မင်းက "ဝိမလအမတ် ငါကဲ့သို့ လူအို ဖြစ်သည်။ ထွက်ဝင် သွားလာရာ ရွှေထမ်းစင်စီး၍ သွားစေ။" ပေးတော်မူလေသည်။


mgyoe.com

## ၂၂
## နရမိတ်လှ နန်းတက်ခြင်း
## အမတ်ဝိမလကို ကျွန်းပို့ခြင်း

ဝရမဗ္ဗာမင်းသားတော် နရမိတ်လှ။ ထိုမင်းသော်ကား ခမည်းတော်လက်ထက်ရောက်လာသော ပျူမြလွန်စား ရာဇသူသမီး ရွှေဆုံကို တောင်ညာထား၍၊ ရာဇသူကို ကိုယ်ရံကြီးအမတ် ခန့်လေသည်။

မိဖုရားရွှေဆုံ ဆွေသားကျေးကျွန်တို့ကိုလည်း အသီးသီး ကျေးစားပေးလေ၍ ပြည်သူတို့ကို နှိပ်စက်ကြလျက်၊ ထိုမင်းလည်း မိဖုရားရွှေဆုံအလိုရှိရာလိုက်လေ၍ မင်းနေမင်းသွား, မင်းပြောမင်းဆို, မင်းသုံးမင်းဆောင်, မင်းအိပ်မင်းစား မညီ။ ပြုလိုရာ အမတ်သွမ်းတို့နှင့် သဘာဝပျော်ရွှင်လေ့လာ ရှိလေရာ၊

ခမည်းတော်လက်ထက်က မှူးဟောင်း, မတ်ဟောင်း, သူကြီးကျေးခေါင်းတို့ ညီတော်သံတွဲစားသို့ ချဉ်းကပ်ကြ၍ လျှောက်တင်လေသည်ကား-

"အရှင့်သားတော်။ ကြားလျှင် တိုင်းပြည်ပျက်အံ့သောအကြောင်း ဖြစ်ပါသည်။ ထီးနန်း, တိုင်းပြည်ကို သိမ်းယူတော်မူပါ။"

သံတွဲစားသို့ သွားကြ၍ လျှောက်တင်လေသော်၊ သံတွဲစား နရနု အမိန့်တော်ရှိသည်ကား-

"ငါတို့အနွယ်တော် သာကီဝင်မင်းဆက် အမျိုးဖောက်၍ ဝိလုပနွ-လုယက်ဖျက် ထီးနန်းတက်ရိုး မရှိ။ အစ်ကိုကြီးမှာ အဖေအရာ ဖြစ်သည်။ လျှောက်တင်၍ မနာမယူလျှင် လက်ကို စုံလျက်သာ နေသင့်သည်။ မိစ္ဆာမိုက်မှား မကြံရာ။"

ယင်းသို့ အမိန့်တော်ရှိလေသည်။

ထိုအကြောင်းကို ကြားလျှင် မာန်တော် ပြင်းစွာဝင်၍ 'သံတွဲသို့ ချီမည်။' ရှိသောအခါ၊ ရှေးအမတ်ပညာရှိ အသက် ၁၁၀ အမတ်ဝိမလ လျှောက်သော ထုံးသော်ကား-

ရှေးသူဟောင်း စကားလာသည်ကား အရှင်မင်းမြတ်။ ပင်လယ်မြစ်ကြောင်း၊ ဝဲခနောင်း၌၊ တိမ်းစောင်းမဖယ်သာ။ မာလိန်အမတ်၊ ရေကြောင်းလွတ်သော်၊ ကူးခတ် မရောက်ရာ။"



mgyoe.com

 mgyoe.com SAMPLE BOOK 

"ပြည့်ရှင်မင်းမြတ် အကျင့်ချွတ်လျှင် ဥပါဒ်သတ္တဝါ ထုံးဟောင်းရှိပါသည်။ ညီတော်သံတွဲစားနှင့် မှူးမတ်,ပြည်သူတို့ကို မာန်တော် မရောက်ကောင်းပါ။

အရှင်မင်းကြီးသည် ရှေးဘီတော်, ဘေးတော်စသော ခမည်းတော်တို့နှင့် မတူ။ အမျိုးစောင့်သောတရား ပျက်သည်ဖြစ်၍၊ ညီတော် ချမ်းသာစွာ ခမည်းတော် စားကျေးပေးခဲ့သော သံတွဲမြို့၌ ငြိမ်သက်စွာနေလေရာ၊ သူ လှောင်သူဆိုးတို့စကားကို နာတော်မူလျက် ယောက္ခမတော် ပျူအမတ် ရာဇသူကို ခန့်တော်မူ၍ ၁ နှစ် ၁ ကြိမ် တိုက်စေသော်လည်း၊ ညီတော်၌ ဂုဏ်သီလ မြဲခြင်းကြောင့် မှူး,ကျေးကျွန် အင်္ဂါစုံ ရှိသည်ဖြစ်၍ ၃ ကြိမ် ပျက်လာရပါသည်။ 'ချီတော်မူမည်' အကြံတော် မသင့်ပါ။

"ရှေးကျမ်းဂန်အဆို ကလိင်္ဂရာဇ်မင်းက အသကမင်းကို စစ်ပြုလေသောအကြောင်း နိဒါန်းဟောင်းတွင်လည်း-

'ဆဒ္ဒန်ပြောင်မုန်၊ ရဲဟုန်နှင်ချီး၊
ချွန်ချွန်ထိုးသို့၊
အကျိုးရှိသင့်၊ တို့ခွင့်မသာ၊
မင်္ဂလာအောင်မြေ၊ အနေသင့်ရာ၊
ဗိုလ်ပါ,ဆင်,မြင်း၊ သိမ်းသွင်းမပျက်၊
ရဲမက်မပြို၊ ရန်ကိုနှိပ်နှံ၊
အကြံပညာ၊ သည်သာဖြစ်ခဲ၊
သူရဲမရှား၊ လက်ရုံးအားမှာ၊
အမှား,အမှန်၊ အလွန်အကြူး၊
သူရူးအင်္ဂါ၊ မိစ္ဆာအကျင့်၊
နိမ့်မြင့်ရှုံး,နိုင်၊ အပိုင်ခက်ခဲ၊
လက်နက်,ဗိုလ်ခြေ၊ အသေအဆုံး၊
ထုံးမပြုလောက်၊ ထွင်းဖောက်မြောက်မြား၊
ဂုဏ်ကိုးပါးစုံ၊ ပညာလုံမှ၊
ဗိုလ်ပုံမပန်း၊


mgyoe.com

ဉာဏ်စွမ်းနဦး၊ တွင်းပြင်ရှိက၊
ကြီးဘိစစ်အင်၊ ပြင်ဆင်ရထား၊
ခြေသည်အားနှင့်၊ လေးပါးညီစုံ၊
ရောက်ငြားတုံလည်း၊ ပိုက်ခြံပြီးစီး၊
စစ်သူကြီးတို့၊ ထုံးမှီးလိမ္မာ၊
သို့ကိုသာလျှင်၊ စစ်အင်လေးမည်၊
အပ်သည်ရှေးရိုး၊ ရန်ချိုးနိုင်သည်၊
သူပြည်သာယာ၊ ဝတိန်သာသို့၊
ပမာတမျှ၊ အသကမင်း၊
စစ်တွင်းရှုံးမည်၊ ဆိုသည်စကား၊
သိကြားစင်လျက်၊ ပျက်သည့်ထုံးစံ၊
နန္ဒိသေန၊ အသကမတ်၊
ညီညွတ်ပြည့်စုံ၊ ပညာလုံ၍၊
ဗိုလ်ပုံရန်ငြိမ်၊ ကလိင်္ဂရာဇ်၊
သူ့စစ်နွမ်းညိုး၊ အကျိုးမရှိ၊
ပန်းနွယ်ရှိ၍၊
ကစိကစက်၊ ကျေညက်ပရမ်း၊
အမတ်သွမ်းနှင့်၊ မင်းကြမ်းတသွန်၊
မာန်တံခွန်ကို၊ ကဲလွန်စတင်၊
ကိုယ်ရှင် ကိုယ်ဝယ်၊ အလမ္မာယ်သို့၊
အန္တရာယ်ရောက်၊ ပြေးပေါက်လမ်းမှား၊
သေပျောက်ငြားလည်း၊
တရားမရ၊ မင်းသူည။' ယင်းသို့ ထုံးဟောင်း ရှိပါသည်။

''အရှင်မင်းမြတ်။ ထိုမှတုံလည်း 'သူလှောင်သူပျက်၊ ပေါင်းဖက်စကား၊ မင်းကြီးမှားမူ၊ တိုင်းကားမစည်၊ ပျက်တတ်သည်။'

''ရှေးစာဟောင်း အလာတွင်လည်း-



mgyoe.com

- ကြွက်ကြီးတွင်းအောင်း၊ ကြွက်ငယ်လောင်း၊ ရုံးပေါင်း တွင်းကိုဖျက်လိမ့်မည်။
- ကျောင်းတစ်ဆယ်ကျော်ကို၊ ရှင်ငယ်တစ်ယောက် စားလိမ့်မည်။
- အင်္ကျီခါးတို၊ လူပျိုအမတ် များလိမ့်မည်။
- ပုတီးလက်စွဲ၊ လူစဉ်းလဲလည်း များလိမ့်မည်။
- ယင်းသောအခါ၊ မိုးမရွာ၊ အစာငတ်၍ ရှားလိမ့်မည်။
- ငတ်မြစ်ကူးတို့၊ လူမပို့လည်း ကူးလိမ့်မည်။
- ကြွက်မင်းပြေးစွာ၊ မန္တလာသို့ ရောက်လိမ့်မည်။
- ပျူနှင့် မွန်တိုင်း၊ ငါးစင်ရိုင်းသို့ ပြုလိမ့်မည်။
- ကြွက်မင်းတစ်တန်၊ တွင်းသို့ပြန်သော်၊ အကြဲ တွင်းသစ် ရှာလိမ့်မည်။

''ကြမ္မာကုန်အံ့သော် ထိုသို့ သိုက်ဓာတ်ဟောင်း ထွက်ရှိပါသည်။ တိုင်းပြည်ပျက်သော တိတ်ကြီး နိမိတ်ကြီးလည်း ထင်ပြ၍၊ ဓာတ် ၄ ပါး ချောက်ချားရာ၊ မိုးလည်းမရွာ သတ္တဝါတို့လည်း ငတ်မွတ်ပင်ပန်း ညှိုးနွမ်းလျက်နှင့် ရှိသည်အတွင်း၊ မြို့စား၊ ရွာစား၊ ကျွန်းစား၊ ချောင်းစား ပေးတော်မူသည်မှာလည်း တစ်မြို့၊ တစ်ရွာ၊ တစ်ချောင်း၊ တစ်စုံ့မှ လွတ်သည် မရှိပါ။ ထိုကျေးစားတို့က လည်းတဝ တိုင်းပြည် ဖျက်ကြပါသည်။

''အရှင်မင်းမြတ်။ ညီတော်၊ သားတော်၊ ဆွေတော်၊ မျိုးတော်မှစ၍ မှူးကောင်း၊ မတ်ကောင်းတို့ကို မနှိပ်စက်အပ်ပါ။ နှိပ်စက်ချေသော် ပြည်နာသည်။

''ပြည်နာချေမူလည်း ရန်သူပေါက်က ပြည်လုံးမှောက်၍ ပျက်စီးခြင်းသို့ ရောက်တတ်ပါသည်။''

ထိုသို့ အမတ်ကြီးလျှောက်လေရာ၊ မင်းရိုးမှန်လျက် သူမိုက်တို့နှင့် ပေါင်းမိ၍ ပညာရှိစကားကိုမယူ မှောက်မှားသဖြင့် အမတ်ကြီးကို မာန်အောင်သို့ ပို့ထားလေသည်။

ယင်းသောအခါ 'အင်းဝမင်းခေါင်က သားမင်းရဲကျော်စွာကို ခန့်ထားချီလာကြောင်း။'



mgyoe.com

SAMPLE BOOK

ညီတော်သံတွဲစား ကြားသိလေသော် နောင်တော်ထံသို့ အလျှောက်အတင် တောင်ခွင်စား ရန်မသူကို စေလွှတ်လျှောက်တင်လေရာ၊ နောင်တော့်မှူးမတ်သွမ်းတို့က

"ညီတော်နှင့် စစ်ပြိုင်ရှိသည်တွင် ညီတော်လူ ရောက်လာသည်မှာ အဖြောင့်လာခြင်း မဟုတ်။ အလှန့်အခြောက် အစုံအစမ်း စေရောက်သူသာ ဖြစ်ပါသည်။"

ယင်းသို့လျှောက်လေရာ နရမိတ်လှမင်းလည်း ဉာဏ်နည်းသဖြင့် ညီတော်လူ တောင်ခွင်စားရန်မသူကို နာကျင်စွာရာဇဒဏ်ပေး၍ ပြန်စေသည်။

ရန်မသူ ရောက်လာလျှင် သံတွဲစား နရနုလည်း ခိုင်လုံစွာ တပ်စီး တပ်နှင်း ကင်းအတန်တန် ကြည်း, ရေပိတ်ဆို့လျက် နေလေသည်။

မင်းရဲကျော်စွာလည်း နရမိတ်လှကို တိုက်လေရာ၊ နရမိတ်လှမင်း မခံနိုင်၍ သက္ကရာဇ် ၇၈၀[၁] တွင် အနောက်ကုလား ဘင်္ဂါး ၁၂ မြို့သို့ ထွက်ပြေးရလေသည်။

## ၂၃
## ဝိမလအမတ်ကြီးသား ကဝိကျော်လျှောက်ထုံး

အင်းဝမြို့ဘုရင်မင်းခေါင်က သမက်တော်နော်ရထာနှင့် သမီးရွှေပြည်ချမ်းသာကို လောင်းကြက်မြို့နန်း၌ တင်ထားလေသောအခါ၊ နော်ရထာနှင့် ရွှေပြည်ချမ်းသာတို့ အလွန်ဆိုးသွမ်း၍ ပြည်သူတို့ကို ညှဉ်းပန်းလတ်ပြန်ရာ၊ သံတွဲစားနရနုက ပဲခူးမင်း ရာဇာဓိရာဇ်[၂]ထံ ဝင်လေ၏။

'နော်ရထာ, မိဖုရားရွှေပြည့်ချမ်းသာ, မှူးမတ်တို့ ဆိုးသွမ်းနိုင်ထက် ပြည်သူတို့ကို နှိပ်စက်ကြောင်း။'

- လျှောက်တင်လေသော်၊ ရာဇာဓိရာဇ်မင်းက 'အင်းဝနိုင်'[၃] ဟူသော အမတ်ကို ဗိုလ်ချုပ်ခန့်၍ ရဲမက် ၄ သောင်းနှင့် ချီသွားတိုက်လေရာ၊ နော်ရထာ

---

၁။ ခရစ်နှစ် ၁၄၁၈ ခု။
၂။ 'မွန်ဘုရင် ရာဇာဓိရာဇ်' ဟု ထင်ရှား။
၃။ 'အဝန်နိုင်'ဟု ထင်ရှား။ 'အဝန်နိုင်'လည်းရေးကြ။

mgyoe.com

mgyoe.com SAMPLE BOOK

နှင့် မှူး ၁၀၀ ကျော်ကို စီရင်ပြီးမှ နရနုကို နန်းတင်ခဲ့၍ နော်ရထာ၊ မိဖုရား ရွှေပြည်ချမ်းသာကို ခေါ်ယူပြန်လေသည်။

နရနုမင်းလည်း နောင်တော်နရမိတ်လှရှိရာသို့ လူစေလွှတ်၍ လျှောက်စေသော်၊ နောင်တော်ချီလာခဲ့၍ သက္ကရာဇ် ၇၉၃[၁] တိုင်ရောက်မှ ထီးနန်းရမြဲရ ပြန်လေရာ သားတော်များကို အိမ်ရှေ့မပေး။ ညီတော် နရနုကို အိမ်ရှေ့နှင်းတော်မူသည်။

ခမည်းတော်လက်ထက်က မှူးကြီး၊မတ်ကြီးသားမြေးတို့ကိုလည်း စိစစ်တော်မူ၍၊ အသီးသီး ပညာရည်အလျောက် အနိမ့်၊အမြင့် သူကောင်းပြုတော်မူလေသည်။

အမတ်ပညာရှိ ဝိမလသား မြကျော်အောင်ကိုလည်း 'ကဝိကျော်' အမည်နှင့် လေးမြို့ကို စားကျေး ပေးတော်မူသည်။

'မင်းစောမွန်ကြီး' အမည်ကိုလည်း ခံတော်မူသည်။

နန်းကျ၍ ၁၃ နှစ်ရှိလေရာ ပညာရှိနှင့်သာ ပေါင်းဖော်လေ၍ နောင်မင်းဖြစ်သောအခါ ရှေးဘေးတော်၊ ဘိတော်၊ ခမည်းတော်တို့နည်းသာ ကျင့်တော်မူသည်။

"မြို့ ပြောင်းတော်မူမည်။" အမိန့်တော်ရှိလေရာ ပညာရှိအမတ်လေးမြို့စား ကဝိကျော် လျှောက်ထုံးသော်ကား-

"အရှင်မင်းမြတ်။ တင့်အပ်သော ၇ ဌာနပြည့်စုံစွာ စစ်အင်္ဂါ ၄ ပါး ညီညွတ်ထွန်းလင်းသော နေရာပင် ဖြစ်စေကာ ကျမ်းဂန်အလာ၌-

'ယတ္ထ-အကြင်တိုင်းပြည်၌၊ ရာဇာ-ပြည့်ရှင်မင်းသော်လည်းကောင်း၊ အမစ္စော-အမတ်သည် လည်းကောင်း၊ သတ္တပေါ-မှားသော အပြုအပြင်၊ နိဂင်္ဂ-ဝေဖန်တတ်သော၊ စတုအပါဒံ-၄ ပါးသောဂတိသို့ လိုက်တတ်ခြင်း၊ အသေဝနံ-မိုက်ထုံးအလေ့ကို ကြိုက်လေသော်၊ ရဋ္ဌ-တိုင်းပြည်သည် ဒုက္ခ-ဆင်းရဲပျက်စီးခြင်းသို့၊ ဘဝေ-ရောက်လေရာ၏။' ကျမ်းဂန်လာပါသည်။

---

၁။ ခရစ်နှစ် ၁၄၃၁ ခု။

mgyoe.com

SAMPLE BOOK

အထက် တိုင်းပြည်မပျက်မီ အရှင်မင်းမြတ် ထီးနန်းစိုးသောအခါလည်း ရှေးမင်းတို့နည်း ဘိသိက်တော်ကိုမခံ ရှိလေသည်။ ယခု ကံကုသိုလ် ပေးလာ ပြန်၍ ထီးနန်း,တိုင်းပြည်ကို ရမြဲရတော်မူပြန်ရာ၊ ဘီတော်စသော ခမည်းတော် အရှင်မင်းမြတ်တို့နည်း ဘိသိက်ခံတော်မူပြီးမှ မြို့သစ်ပြောင်းတော်မူလိုလျှင် ပြောင်းတော်မူပါရမည်။

"ရှေးပညာရှိတို့ အမှာစာတမ်းထုံးမှာလည်း 'ရဟန်းတို့မှာ၊ ကမ္မဝါတင်၊ သိမ်ဝင်သိက္ခာ၊ ခမာ[၁] တရားမြဲသင့်ကြောင်း။ မင်းတို့မှာလည်း ဘိသိက်ခံရာ သမ္မာမင်းမြတ်ကောင်း။' ဟူ၍ ထုံးဟောင်းလာသည့်အတိုင်း၊

"ရာဇပုံတွင်လည်း 'ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်ကို၊ မဖိတ်ကျင့်ရိုး၊ မြတ်အမျိုး' ဟု ဆိုလေသည်။

"တိုင်းပြည်,သတ္တဝါ ကြမ္မာကပ်ဥပါဒ် ဆိုက်ရောက်၍၊ ၁၃ နှစ် သူပုန်တို့ မင်းမူလျက်ရှိလေရာ ဘိသိက်တော် မင်္ဂလာရပုဏ္ဏားတို့သည် ပန်းတင်, စောင်းတီး, စန္ဒီးဟူးရား, ဟုန်းနတ်, ပရိတ်ရွတ် အစို့ပုဏ္ဏားတို့နှင့် ရောနှော ရှိလေရာသည်။

"ဘိသိက်မင်္ဂလာတော်ရ ပုဏ္ဏားတို့ ရှေးအစဉ်ကျင့်ရိုးသော်ကား-

- အင်းမန္တန်, ဆေးပယောဂ, ဟူးရားဗေဒင်မန္တန်များကိုလည်း မသင် မလေ့ ခြင်း။
- ရေမချိုးမီလျက် ဆေး, ကွမ်း, ထမင်း စသည်တို့ကို မစားခြင်း။
- တူရသိန်နှင့် စလွယ် ကိုယ်က မကွာခြင်း။
- ရာသီရောက်သော မိန်းမ, မီးနေသောမိန်းမတို့နှင့် မရောမစပ်ခြင်း။
- လင်သေ,လင်ကွာမိန်းမကို အိမ်ထောင်ဖက် မပြုခြင်း။
- သား, ငါး, ငါးပိ မစားခြင်း။
- တိုင်းသူပြည်တို့အိမ်သို့ လှည့်လည်သွားလာ တောင်းစားမပြုခြင်း။
- ပိဋကတ်ကျမ်းဂန်, အဘိဓာန်စသော ပရိတ်မင်္ဂလာ ပီသစွာရွတ်ဖတ်ခြင်း။
- ကျမ်းဂန်၌လည်း 'ရာဇဘိသေကမ္ဗဲတော သမောသာရဗြဟ္မဝံသာနုရက္ခိတဗ္ဗော' ယင်းသို့အလာ ထိုအင်္ဂါ ၈ ပါးနှင့် ပြည့်စုံသောသူမှသာ ရှေး ဘီတော်, ဘေးတော်စသော ခမည်းတော်မြတ်တို့ကို ဘိသိက်ဆက်ရပါ

---
၁။ ခမာ-ပါဠိ = သည်းခံခြင်း။ မြေကြီး။

mgyoe.com

 mgyoe.com SAMPLE BOOK 

သည်။ ဘိသိက်သွန်း ရှေးအရိုးမှန်အောင် ရွေးစစ်တော်မူ၍၊ ဘိသိက်ရေသွန်း ခံတော်မူပါ။''

အမတ်ပညာရှိ လေးမြို့စားကဝိကျော် လျှောက်လေရာ စောမွန်မင်း ကံကုန်ချိန်ရောက်လေလျှင် ကြိုက်တော် မမူ။

သက္ကရာဇ် ၇၉၂ ခု တော်သလင်းလဆန်း ၁ ရက် တနင်္ဂနွေနေ့[၁] ကန်လက်၊ ကန်စန်းနှင့် မြောက်ဦးမြို့ကို တည်လေသည်။

မြို့,နန်း မပြီးမီ ယာယီနန်းနှင့် နေတော်မူရာ ဝေဒနာကပ်ရောက်၍ နတ်ရွာ လွန်တော်မူလေသည်။

## ၂၄
## ရခိုင်အလီခင်မင်းနှင့် အင်းဝနရပတိ

ထိုမင်းညီ အိမ်ရှေ့နရနု သက္ကရာဇ် ၇၉၂ ခုတွင် နန်းတက်တော်မူလျှင် အထက် နောင်တော်မင်းစောမွန် ကုလားပဆာမင်းထံ စစ်ကူဘဏ္ဍာ ၁၂ မြို့ လက်ဆောင်ပြု၍ တောင်းလေရာ၊ 'ဒင်္ဂါးတံဆိပ်ကို ကုလားလက်မှတ်နှင့် ခံမည်။' ကတိဆိုခဲ့သောကြောင့်၊ နောင်တော်မှာခဲ့သည့် အာဏာ မပျက်စေရ။ ကုလား ပဆာဒီလီမင်းလက်မှတ်ကို ယူလေ၍ 'အလီခင်'အမည် ခံလေသည်။

ထိုအလီခင်မင်း လက်ထက် အင်းဝမင်း ထုပါရုံဒါယကာ နရပတိ ချီလာ၍ ဘိုးခေါင်နွယ်ချိုတောင်သို့ ရောက်လာသော်၊ အလီခင်မင်းလည်း ချီသွားလျက် ကမာတွင် ချရပ်နေ၍ အင်းဝမင်းထံသို့ အမတ် ဥဿလင်းစားကို စေလေရာ၊ ပေးသည့် ရာဇသံတော်ကား-

'ဣတိပိသော၊ သွက္ခာတော၊ သုပ္ပဋိပန္နော စသော ဂုဏ်တော်တရား ၃ ပါးနှင့်အညီ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာတော် မညှိုးမနွမ်းစေရ။ မူလသိက္ခာ မင်းသမ္မာတို့ ခံသော ဘိသိက်တရား။ ၁၀ ပါးသောမင်းကျင့်၊ ၁၂ ဆင့်သော အင်္ဂါ၊ ကိရိယာဒသ၊ သတ္တကျက်သရေ၊ လေးထွေသင်္ဂဟ၊ နိစ္စမြဲစွာ၊ အဝိဇ္ဇာနှင့်၊ တဏှာပိတ်ပေါင်း၊ သူ မကောင်းနှင့်၊ ကင်းကြောင်း လုံ့လကိုသာ ပညာဗလပြုလျက်၊ မင်းတို့အား ၅ ပါး၌

---

[၁] ခရစ်နှစ် ၁၄၃၀ ခု ဩဂုတ်လ ၁၉ ရက်။

mgyoe.com

စရိမာ- ဆုတ်ယုတ်တတ်သော လက်ရုံးမာနအားကို ပယ်၍၊ အနီး,အဝေး မရွေး ပကတိတရား ၇ ပါးနှင့် သတ္တဝါတို့ကို စောင့်ထိန်းလျက် အုပ်ကွပ်စီရင်လေ့ရှိသော မြောက်ဦးရွှေမြို့တော်ကြီးအရှင် ကြားရောက်လိုက်သည် အင်းဝရွှေမြို့ရှင် အကြည့်တော်။

လူသတ္တဝါတို့ဓလေ့ စာရိတ္တ, သီလ-ထို ၂ ပါးကိုသာ ရှည်ကြာစွဲမြဲ ကျင့်ကြံလေသည်။ အသိပညာ သမ္မာတရားတော်ကား မကပ်မရှိခြင်းကြောင့်၊ ဂင်္ဂါဝါဠုကာ သဲလုံးအမျှ ပွင့်တော်မူသော ဘုရားမြတ်တို့သင်းပင်းသို့ မဝင်၊ သံသရာစက်ရဟတ်က မထွက်၊ တဏှာညွန်အိုင်၌ ပျော်ပိုက်လျက် တေဘုမ္မက ဝဋ်အလည် အမြင့်,အနိမ့် တွေ့မြဲဓမ္မတာ နိဗ္ဗာန်၌ဖီလာ သမုဒယ သစ္စာကို ထိုသတ္တဝါတို့၌ တစ်ယောက်သောသူအား သမ္မာဉာဏ် ကပ်ရောက် မြင်ပြန်သော်၊ အဇ္ဈတ္တ, ဗဟိဒ္ဓရန် မလွတ်ရာ။

အတိဇာတ ပဋိသန္ဓေနှင့် စွဲရင်းမှန်၍ နိက္ခမ ဆိတ်ငြိမ်ရာသို့ ထွက်သွားသဖြင့် ကာယဝိညတ်, ဝစီဝိညတ်, မနောသမာသ်နှင့် ထိန်းသိမ်းလျက် သမ္မာပညာတက်မကို ဖြောင့်မတ်စွာ ကိုင်လေ၍ အလွန်ကြီးကျယ်သော ဗလဝါမုက္ခ သမုဒ္ဒရာဝဲ တဏှာမြစ်က ထွက်မြောက် ကူးရောက်လေသည်။

အနုဇာတ ပဋိသန္ဓေဖြစ်မူ မိဘ ပဋိသန္ဓေပေးသူတို့၏ ထုံးစဉ်လာကို ကျင့်ကြံမြဲစွဲလျက် အသက်ထက်ဆုံး နေလေရာသည်။

အဝဇာတ ပဋိသန္ဓေနေသော သားသော်ကား ရှေးပညာရှိ ထုံးကို မယူ။ မိဘစဉ်လာစောင့်သော အမျိုးအကျင့် မရှိ။ ဆိုးသွမ်းပျော်ရွှင် သဘင်လေ့လာ ယစ်မျိုးသောက်စား အတ္တနောမတိ-မိမိအကြိုက်ကိုသာ အဘိဇ္ဈာမ-တရားသဖြင့်ပြုခြင်း၊ ဗျာပါဒ-သူတစ်ထူးကို ငြိုငြင်လျက်ဖျက်ဆီးမှု သူ့စည်းစိမ်ကို ကြံခြင်း၊ မိစ္ဆာဒိဋ္ဌိ-တရားအလွန် ပြုခြင်း။



mgyoe.com

mgyoe.com
SAMPLE BOOK


တစ်ကြောင်းတုံလည်း သမ္မာသူတော်ကောင်းတို့နှင့် ခေတ္တပေါင်းဖက်ခဲ့ဖူးသော ကျေးဇူးထောက်ပံ့ရာ လောကီစည်းစိမ်ကို ခံစား၍၊ စကြာရသော မင်းသည် မိစ္ဆာဉာဏ်ပွား၍ သိကြားစည်းစိမ်ကို တပ်မိချေ၍ ဘဝမခြား ဒိဋ္ဌဓမ္မ ပျက်စီးကြောင်း ကျမ်းဂန်လာသည်။

သီရိဓမ္မာသောကမင်းလည်း ဇမ္ဗူဒီပါကို အစိုးရဖြစ်လျက် ထိုမင်း ကံစဲချိန်တန်၍ အမှားကို အမှန်ထင်လေရာ တိရစ္ဆာန် ဘဝ ရောက်လေကြောင်း။-ကထာစကား ပညာရှိတို့ သက်သေ ပြည့်ဆို ဆိုခဲ့လေသည်များကို နှလုံးသွင်း၍၊ အကြည်တော်လည်း 'မင်း' မည်ကာ မဟုတ်။ အလာကောင်းလျက် အပြန် မစောင်း စေရ။ ကိုယ်ကမကွာ သမ္မာ ၈ ထပ် စစ်ကွပ်လိမ္မာ ပညာလက်နက် ပိုးပုရွက်သို့ စစ်တက်လာကြ လောဘသူပုန် ကုန်အောင် သတ်ဖြတ် အခွာတတ်မှ မြတ်ရာသို့ ရောက်ကြမည်အကြောင်း ကို ကြားလိုက်သည် အကြည်တော်။'

ထိုစာကို ရွှေပေတွင်ရေး၍ အမတ်ဥသျှလင်းစားကို စေတော်မူလိုက်ရာ အင်းဝမင်း နရပတိထံသို့ ရောက်လေသော်၊ နရပတိမင်းကလည်း တောင်တွင်းစား လက်ျာစည်သူကို သံဖက်ခန့်၍ ပေးလိုက်သော ရာဇသံမှုကား-

'သခ်ါရ, ဝိကာရ, လက္ခဏာ, နိဗ္ဗာန်, ပညတ်-တည်း ဟူသော ညေယျခံတရား ၅ ပါးတို့ကို မသိမမြင်စေတတ်သော အဝိဇ္ဇာဖုံးလွှမ်းခြင်းကြောင့် သတ္တဝါတို့ နှစ်မြှုပ်ရှိသည်ကို ကယ် တင်လိုသော သမ္မာဓိ အသိအမှန် လုံ့လအကျင့်အကြံတော် အားထုတ်သောသတ္တိကြောင့်၊ ကင်းရာဖြစ်သော အသခ်ါတဓာတ် သည် အမြဲ တည်ရာ နိဗ္ဗာန်ဆိပ်ဦးသို့ ငါ ကူးမြောက်ရောက်ပြီ။ ပုနပုန္န-တစ်ဖန် ငါ့ကို သင်တို့ နှိပ်စက်ခြင်း မပြုရပြီ။


mgyoe.com

mgyoe.com SAMPLE BOOK

ပထမဗုဒ္ဓစကားတော် 'အနေကဇာတိ သံသာရံ' ဂါထာကို ဥဒါန်းကျူးတော်မူပြီးမှ လူ ၃ ပါးတို့အား ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ တရားကို ဟောတော်မူသည်။

ကုသလာ, အကုသလာ- ထို ၂ ပါးတရားသော်ကား 'ကောင်းကျိုး, မကောင်းကျိုး'ကို ဟူ၍ အစဉ်အားဖြင့် ဉာဏ်နည်းသူတို့ သိလွယ်စွ။ ထိုမှ မသူတော်တို့၌ ဆက်ဆံမပြုသော မရှိမ ပဋိပဒါ သူတော်ကောင်းလက်နက်ဖြစ်သော အဗျာကတဓမ္မ တရားတော်နှင့်အညီ၊ နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော လုံ့လကို နှလုံးသွင်းလျက် ဝေနေယျတို့အား စောင့်လေ့ရှိသော ရတနပူရ အင်းဝရွှေမြို့တော်ကြီးအရှင် ကြားလိုက်သည် မြောက်ဦးရွှေ မြို့တော်ကြီးအရှင် အကြည်တော်။

သတ္တဝါတို့တွင် သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ-၂ ပါးရှိသည်တွင် မိစ္ဆာတို့ဓလေ့မှာ သံသရာမကုန် စက်ဝဋ်တရား မပြတ်သောအမှုများကြောင့် ဇာတိဖြစ်လျက်၊ ရမ္မက်မကွာ ခန္ဓာရုပ်, နာမ် အဖန်တလဲလဲမြဲတတ်သော သတ္တိခိုင်ခံ့ခြင်း သမ္မာပညာ။

သူတော်ကောင်းတို့သော်ကား တယောဘဝေ စသော ဝဋ် ၃ ဘုံ မြင်သဖြင့် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်တရားနှင့် တပ်သောတဏှာ သမုဒယသစ္စာစွဲရာ ကုသိုလ်-အကုသိုလ် ထို ၂ ပါးကို ကင်းစေ၍၊ ကာယသုခ, စိတ္တသုခကိုသာ ခံစားနေသော ပုဂ္ဂိုလ်မြတ်ထံ သန့်ရှင်းသော ပစ္စည်း ၄ ပါး ပေးလှူခဲ့ဖူးသော အကျိုးထောက်ပံ့လေရာ လောကီစည်းစိမ်နေရပ်ပမာ စင်ကိုလျက် အကောင်းထင်မှား တရားလွတ်ချေလျှင် အလာအပြန် မိစ္ဆာဉာဏ်မကင်း အလင်းသို့မရောက် ဝဲအောက်တွင်သာ လူးလာပန့်က် ကျိန်စာရွက်သို့ မပျက်ခန္ဓာ သံသရာ၌ မိစ္ဆာတို့အယူ မြဲကြောင်း။- သူတော်ကောင်းဆိုခဲ့သော ကျမ်းဂန်ကို သိ၍ ရက္ခပူရတိုင်း မြောက်ဦးမြို့ပြည်သူတို့သည် အမျိုး


mgyoe.com

mgyoe.com SAMPLE BOOK

ဓာတ်တူ အယူမခြား တရားညီကြလျက် မသမာသောအမှု မပြု မလျော် ကိုကျင့်ကြကြောင်း ကြားသိ၍၊ 'သာသနာ မရှိမမှေး သင့်။ ပြသဆုံးမမည်။' လာခဲ့ရာ၊ အကြည်တော်လည်း 'မင်း သမ္မာတို့တရားနှင့် မြဲမြံစွာ သတ္တဝါအပေါင်းကို စောင့်ထိန်း ကြောင်း။' အမတ်ဥသျှ လင်းစား တင်လျှောက်ချက်အတိုင်း၊ သဝဏ်စာတွင်လည်း သူတော်ကောင်းတို့အင်္ဂါ ပြည့်စုံစွာပါ လာသည်။ တရားလိမ္မာ သာသနာတော်ကို သိမြင်တတ်သော မင်းချင်းဖြစ်၍ ဓမ္မသဝန စည်းဝေးပြောဆိုကြရလျှင် သာသနာ တော်ပွင့်လင်း သတင်းအရှည် စည်ထွန်းမည်အကြောင်း ကို ကြားလိုက်သည် အကြည်တော်။'

ထိုစာကို ရွှေပေတွင်ရေး၍ ဥသျှလင်းစားနှင့်အတူ တောင်တွင်းစားကို ထည့်လိုက်လေသည်။

ထိုသို့ မင်း ၂ ဦးလည်း တွေ့ကြလေသော် သူတော်ကောင်းစကားကို သာ ပြောဆိုတော်မူကြလေ၍၊ မင်းချင်း၊ မိဖုရားချင်း၊ မှူးမတ်ချင်း ဆင်ဝတ် သောတန်ဆာကို လဲလှယ်ဆင်တော်မူပြီးမှ အသီးအသီး နေပြည်တော်သို့ ပြန် တော်မူကြလေသည်။

တရားလိမ္မာသော မင်း ၂ ပါးဖြစ်၍ မသူတော်မိတ္တာတို့စကားကို မနာ မယူ သဘာဝတူကြခြင်းကြောင့် ၂ပြည်မိတ်ဆွေ ကြီးစွာဝင်လျက် ဘုရား စသော သူတော်ကောင်းတို့ ချီးမွမ်းထွန်းလင်း ကျက်သရေ တိုးတက်တော်မူ ကြလေသည်။


mgyoe.com

SAMPLE BOOK

## ၂၅
## မင်းဖားကြီးမင်း

ထိုမင်း အလိခင်မင်းက သားမြေးစဉ်ဆက် ၈ ဆက်အဆုံး သဇာတမင်းလက်ထက် ဘထွေးတော် ဘစောသီရိကို သံတွဲမြို့စား ပေးတော်မူလေသည်။

သံတွဲစား မင်းဖြစ်ခါနီးလေသော် ပေါ်သည့်တပေါင်သော်ကား

'ပျွတ်လေးသုံးဆယ်၊ ရှေ့ကတည်၊
ကြံစည်ကောင်းခြင်း သံတွဲမင်း။
ဖြစ်လာမည်လည်း တော်သလင်း။ ။
သံတွဲမြွေဟောက်၊ အစွယ်ပေါက်သည်၊
လက်ကောက်ဝတ်လောက် ပြီးတကား။
မြောက်ဦးရွှေနန်း၊ တောင်သာစွန်းမှာ
နဂါးမောက်ကြီး ဖြန့်လိမ့်မည်။' ဟူသော သိုက်လည်း ရှိသည်။

ယင်းသို့ ဓာတ်၊ သိုက်၊ တပေါင်အလိုက် သဇာတမင်း လွန်တော်မူလျှင် သံတွဲစားချီလာခဲ့၍ ထီးနန်းစိုးအုပ်တော်မူရာ 'မင်းဖားကြီး' အမည်ကို ခံတော်မူသည်။

သားတော်ချစ်နှောင်းကို အိမ်ရှေ့ နှင်းတော်မူ၍၊ သံတွဲမြို့စား ပေးတော်မူသည်။

စကြဝတေးကို ရမ်းဗြဲစား ပေးတော်မူသည်။

ယင်းသောအခါ ကုလား ဒီလီပဆာမင်းက 'ဇောက်ဗေါက်ရှာ' ဟူသော မင်းမည်တံဆိပ် ပေးလာသောအခါ၊ မင်းဖားကြီးက အမိန့်တော်ရှိသည်ကား-

''ဘီတော်မင်းစောမွန်ကို အရှေ့အင်းဝမင်းခေါင်သား မင်းရဲကျော်စွာ တိုက်ဖျက်လေရာ သတ္တဝါတို့ ကပ်အလျောက် ၁၃ နှစ်-သက် ပျူ့မွန်တို့ မင်းမူလျက် တိုင်းပြည်ပျက်စီး၍ သက္ကရာဇ် ၇၈၀[၁] ပြည့်ခန့် ရှိလေရာ၊ ဒီလီပဆာမင်းထံ ကုလားဘင်္ဂါး ၁၂ မြို့ကို ပေးအပ် စစ်ကူတောင်းလေသည်။ ကျေးဇူးအလျောက် မင်း ၁၀ ဆက် နှစ်ပေါင်း ၇၀ ရှိပြီ။ ရှေးထုံးဟောင်း

၁။ ခရစ်နှစ် ၁၄၁၈ ခု။

mgyoe.com

အတိုင်း နိုင်ငံတော် ကုလား ၁၂ မြို့ မောက်သူဇာထိ သိမ်းတော်မူမည်။ စစ်မထိုးလိုသော် ၁၂ မြို့ကုလား ဒေဝန်းဌာနာတို့ကို လွှတ်လိုက်စေ။''

ထိုသို့ အမိန့်တော်ရှိ၍ လာသည့်ကုလားအမတ် ကာတိကို ပြန်စေသည်။

## ၂၆
## ကျော်တင်စားလျှောက်ထုံး-၁

ယင်းသို့ပြီးမှ 'ကုလားပြည်သို့ ချီတော်မူမည်။'ကြံရာ စနည်းနာစေသော်

'ကုလားကိုနိုင်လို စားဖိုမှာ မီးထည့်၊

ဝသဲ့တောင်ကို ထီးတင်၊

ကုလားကိုရှင်ပြု။'

ထိုသို့ သူငယ်တို့ ဆိုကြသောတဘောင်ကို ကြားခဲ့၍ မင်းထံလျှောက် လေသော်၊ အမတ်ပညာရှိ အမျိုးစဉ်ဆက်လာသော သူကောင်း ကျော်တင်စား လျှောက်သည်ကား-

''အရှင်မင်းမြတ်။ 'ကုလားကိုနိုင်လို စားဖိုမှာ မီးထည့်'အလိုသော်ကား သင်္ဘောဆိပ်ပေါင်းထွက်သည် စားဖို ဖြစ်ပါသည်။ ကုလားမီး ဆင်ပလီ မုတ်ဆိတ်ကို အခြားမရှိစေရ။ ပေါင်းထွက်တွင်သာ ထားရပါသည်။

'ဝသဲ့တောင်ကို ထီးတင်'အလို ဝသဲ့တောင်ထိပ်၌ နံတော်ဘုရား တည်ရပါမည်။

'ရှင်ပြု' အလိုမှာ- ကုလားရှိသမျှကို ဆံပင် မထားစေရ။ ခေါင်းတုံး ရိတ်စေရပါမည်။

''ရှေးသိုက်ဟောင်းတွင်လည်း 'ကုလင်းပုစွန်ထုပ် ၁၀ တန်ကို မလွန် ရာ။' စာဟောင်း ရှိပါသည်။ မင်း ၁၀ ဆက်လည်း အရှင်မင်းမြတ်တွင် စေ ပါးသည်။ နိုင်ငံတော် ဘင်္ဂါးကုလား ၁၂ မြို့ အရှင်မင်းမြတ်လက်ထက်တော် တွင် ရမြဲ ရပါမည်။'' လျှောက်လေရာ၊

သူကောင်းကျော်တင်စားတို့ ဘိ၊ ဘေး၊ ဘိုး၊ ဘကို ပေးမြဲဘွဲ့ 'ဝိမလ' ဟူသောအမည်ကို ပေးတော်မူသည်။



mgyoe.com

## ၂၇
## ကုလားပြည်သို့ချီခြင်း

ယင်းသို့ အမတ်ပညာရှိ လျှောက်သောအမှုတို့ကို စေ့စုံစွာစီရင်ပြီးမှ 'ကုလားပြည်သို့ ချီတက်တော်မူမည်။' ကြည်းကြောင်း, ရေကြောင်း တပ်ပေါင်း စည်းကြပ်ခန့်ရန်တော်မူသည်ကား-

''ပြည့်ရှင်မင်းကြီး မရှူမြစ်ညာ ပဲလွန်းချောင်း ဂေါ်တော်ပလ္လင်လမ်းမှာ လုံကိုင်, ဓားစွဲ သူရဲ ၂ သောင်း။ ရိုးစား-ချစ်သူ ၁ ဗိုလ်, ရမ်းဗြဲစားရဲအောင်နိုင် ၁ ဗိုလ်။

ဒိုင်းကိုင်, ကာစွဲ သူရဲ ၂ သောင်းမှာ စိန်တင်စား ကျော်သူ ၁ ဗိုလ်။ မရှူစား ရန်အောင်ဇေယျ ၁ ဗိုလ်။ ကမ်လေးကိုင် သူရဲ ၁ သောင်းမှာ ဒါးလက်စား ခင်ညို ၁ ဗိုလ်။

သူရဲပေါင်း ၅ သောင်းတို့ကို အမတ်ဆင်ကဲကြီး တပ်တော်ဦး အချုပ်။

- ပြည့်ရှင်မင်း အရံတော် သူရဲကောင်းကိုယ်ရံ အမှုထမ်း ၄ သောင်း, ဝင်းတော် ၄ မျက်နှာတွင် ဝင်းသား ၂ သောင်း, သူရဲ ၆ သောင်းတို့မှာ ဝင်းမှူး ၄ ယောက်ဗိုလ်။

- ကိုယ်ရံတော်တပ်တော်နောက် လုံ, ဓားစွဲ သူရဲ ၁ သောင်း ကင်းစား သတိုး ကျော် ၁ ဗိုလ်။ ကမ်လေးကိုင် သူရဲ ၁ သောင်းမှာ ဝင်းစား ငစနေ ၁ ဗိုလ်။ ဒိုင်းကိုင် ကာစွဲသူရဲ ၁ သောင်းမှာ မီးစား လကျ်ာကျော် ၁ ဗိုလ်။ သိုင်းတပ် သူရဲ ၁ သောင်းမှာ မအီစား သီလ ၁ ဗိုလ်။ ကိုယ်တော်ရံ သူရဲ ၁ သောင်းမှာ ပန်းတင်စား သတိုးအောင် ၁ ဗိုလ်။

ရဲမက် ၅ သောင်းကို အမတ် ဓားပိုင်ကြီး တပ်တော်နောက် အချုပ်။

- လက်ဝဲစစ်ကဲ ဦးရစ်တောင်စား မင်းလှတင်။ လကျ်ာစစ်ကဲ မရှူစား မနူဟာ။ ထို ၂ ယောက်ကို တပ်မရှေ့,နောက် ကဲအုပ် ခန့်တော်မူသည်။

- သားတော်အိမ်ရှေ့မင်း ချစ်နှောင်းမှာ မရှူမြစ်ကို ထွက်၍ ပင်လယ်ကြောင်း ချီသည့်တပ်တွင် လုံကိုင်ဓားစွဲ သူရဲ ၁ သောင်းမှာ အမ်းစား လကျ်ာ ၁ ဗိုလ်။ ကမ် လေးကိုင်သူရဲ ၁ သောင်းမှာ ဥဿလင်းစား သတိုးအောင် ၁ ဗိုလ်။ ဒိုင်းကိုင်ကာစွဲ သူရဲ ၁ သောင်းမှာ မာန်အောင်စား သတိုးမင်းဖြူ ၁



mgyoe.com

mgyoe.com SAMPLE BOOK

မိုလ်။ သိုင်းတပ် သူရဲ ၁ သောင်းမှာ စစ်တွေစား ၁ မိုလ်။ ကိုယ်တော်ရံ သူရဲ ၁ သောင်းမှာ သားတော် ကိုယ်ရံတော်။

– ကစ္ဆပနဒီမြစ်ညာ ပေချောင်းဖျား ကျောက်မသာ, ကျောက်ဖျာထက် ခွေးမွေးတောင်လမ်း သားတော် သံတွဲစား ချစ်နှောင်းတပ်[၁]။ ဓားကိုင်,လှံစွဲ သူရဲ ၁ သောင်း ပန်းတော်စား ရန်မျိုးအောင် ၁ မိုလ်။ ကမံလေးကိုင် သူရဲ ၁ သောင်းမှာ မြို့သစ်စား ကျော်စံ ၁ မိုလ်။ ဒိုင်းစွဲ ကာစွဲ သူရဲ ၁ သောင်းမှာ တောင်ကုတ်စား ရာဇသူ ၁ မိုလ်။ သိုင်းတတ် သူရဲ ၁ သောင်းမှာ လမူးစား ထွန်းအောင် ၁ မိုလ်။ ကိုယ်တော်ရံ သူရဲ ၁ သောင်းမှာ သားတော် ကိုယ်ရံတော်။

စီးတော်ဆင် ဇီဝဖိုးကို တိုက်ဆင် ၇၀၀ အရန်နှင့် ဓားကိုင်, ကာစွဲ, သိုင်းတတ်, ကမံလေးကိုင် အစုစုသူရဲ ၁ သောင်း၊ ကိုယ်ရံတော် သူရဲ ၁ သောင်း။ ရံမက် ၂ သောင်းမှာ ကုလားတန်စားကို အချုပ်။

ဆင်တပ်ကြီးကြပ် ခန့်တော်မူ၍၊ မြက်,ရေနီးရာ တောင်ကမ်းမကြီး ဆင်တော်မပင်ပန်းစေရ စိန်တင်ချောင်းဖျား အော်ရမလမ်း ဆောင်ယူစေသည်။

စစ်တပ်ချီတော်မူလျှင် အရှေ့တောင်စဉ်ကျေးရွာ လမ်းပေါက်များတွင် ကိုယ်တော်ရံ ရံမက်တော် ၂ သောင်းမှာ အမတ်ဟာဇကြီးကို အချုပ်ခန့်၍၊ တောင်စဉ်ချောင်းစေ့ အသီးအသီး တပ်နှင့် ထားတော်မူခဲ့သည်။

ပြည်စောင့် ညီတော်ရမ်းဗြဲစား စကြဝတေးနှင့် အမတ်ပြည်စိုးကြီး လှံ, ဓား, ကမံ, သိုင်းကာ, ဒိုင်းစွဲ သူရဲ ၂ သောင်း၊ ကိုယ်တော်ရံ သူရဲ ၁ သောင်း ပေးတော်မူသည်။

ချီတော်မူရာ ၃ သွယ် ၃ လမ်းများ၌ အရေးအကြောင်းရှိသော်၊ မြို့တွင်း အရေးအကြောင်းရှိရာ ပေါက်ရောက်လျှောက်တင် လျင်မြန်စွာ သိတော်မူအောင် ပိန္နဲချောင်းစား ဇေယျမိုလ်အမတ်သို့ ခြေလျင်သည် ၁၀၀၀ ကို အပ်တော်မူသည်။

---

၁။ သားတော်အိမ်ရှေ့မင်းနှင့် သားတော်သံတွဲစားတို့အမည်မှာ 'ချစ်နှောင်း'အမည်တူ။ မင်းဖလောင်းကြီး၏ ငယ်မည်မှာလည်း 'ချစ်နှောင်း'။ မင်းဖလောင်းကြီး(ချစ်နှောင်း)၏ ညီတော်ကုလားတန်စား အမည်သည်လည်း 'ချစ်နှောင်း'။ စိစစ်ခင်းကျင်းသူ

mgyoe.com

mgyoe.com SAMPLE BOOK


ထိုသို့ အသီးအသီး ခွဲဝေစေ့စပ် ရှေ့နောက် လုံအောင် စီရင်တော်မူပြီးမှ သက္ကရာဇ် ၈၇၉ ခု တန်ဆောင်မုန်းလဆန်း ၉ ရက်[၁] အောင်တပ်ထွက်တော်မူသည်။

ယင်းသောအခါ 'စီးတော်ဆင် ဇီဝဇိုး ကညင်သစ်တစ်ပင်ကို မာန်ဝင်တော်မူ၍ ထိုးလေရာ ကညင်ပင် အမြစ်ကလဲကြောင်း။' -ဆင်ကဲတို့ လျှောက်လာသည့်အတွင်း၊ မိုးစည်ကျွန်းသူကြီး ကောင်းလှအောင်ကလည်း ငါးကွဲတစ်ကောင် ဆက်လာသည်။

## ၂၈
## 'ဝိမလ'ဘွဲ့ခံ ကျော်တင်စားလျှောက်ထုံး-၂

ထိုတိတ်နိမိတ် ၂ ခုကို အမတ်ပညာရှိ ဝိမလ လျှောက်ထုံးသော်ကား-

'ကာလာဝက၊ ဂဏ်ေယျနှင့်၊
ပဏ္ဍာရခေါ်၊
ပေါက်ကျော်တမ္ဗ၊ ပိင်္ဂလဟု၊
စသည်ကျော်ပိုး၊ ဆင်ဆယ်မျိုးထက်၊
တန်ခိုးအလွန်၊ ဆဒ္ဒန်ပြောင်မြတ်၊
ပတ်ရပ်ညီစွာ၊ လက္ခဏာကား၊
သန္တာစွယ်ရောင်၊ အာပေါင်စွေးစွေး၊
ဖွေးဖွေးဖြူစင်၊ ငွေအင်အလား၊
စွယ်ဖျားအညီ၊ လက်ယာရစ်၍၊
နာရီနှစ်ဖက်၊ နားရွက်နှာနှ၊
မစုမညွတ်၊ တရပတ်သို့၊
မပြတ်မပေါက်၊ နောက်၊ရှေ့၊ဦးကင်း၊
မစင်းမကုံး၊ ကိုယ်လုံးကြော့ရှင်း၊
ရေဆင်းညာတင်၊ လေးခွင်စက်ပန်း၊
မချွန်းမပု၊ ရှစ်ခုအစွန်း၊

---

၁။ ခရစ်နှစ် ၁၅၁၇ ခု အောက်တိုဘာလ ၂၂ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

လဝန်းသဏ္ဌာန်၊ မှင်ရေးခံသို့၊
အသံသွံနည်း၊ ရေကြည်းနှစ်သွယ်၊
ညာဘယ်မရွေး၊ အပြေးအလွှား၊
နဂါးဦးချို၊ ရာသီသုံးမည်၊
ငါးတည်သုံးချက်၊ မုန်းသက်မကြူး၊
ထိပ်ဦးလည်တိုင်၊ ကြံ့ခိုင်စွမ်းသန်၊
ရဲမာန်တည်းတည်း၊ ခြေသည်းနေချက်၊
ကျောက်မျက်နီလာ၊ ပမာမခြား၊
နှာမောင်းဖျားတွင်၊
ပတ္တမြားအရိပ်၊ အရောင်ဖိတ်သို့၊
အအိပ်သုံးထွေ၊ အနေလေးပါး၊
အစားသုံးချက်၊ မကွက်မသန်း၊
တောင်ကျွန်းဇမ္ဗူ၊ ဆင်ဟူသမျှ၊
မာနမပြိုင်၊ ဦးဆိုင်မတန့်၊
ကြောက်လန့်ရှောင်ပြေး၊
မြသွေးနှာချပ်၊ ပြီးခပ်ရာဟု၊
စက္ကူတောက်မြဲ၊ ပုလဲအာနီ၊
စုံညီမယွင်း၊ ဆင်များမင်းကား၊
နေ့ချင်းမလောက်၊ ခြောက်ဆယ်ခန့်ကွာ၊
ယူဇနာကို၊ မကြာလျင်မြန်၊
နေ့ချင်းပြန်သည်၊ ဆဒ္ဒန်ပေါက်ပြောင်၊
ယဉ်ကျော် ခေါင်ထွတ်[၁]၊ ဆင်တော်မြတ်မျိုး၊
ဖိဝဒိုးလျှင်၊
အောင်မင်္ဂလာ၊ စကြာကွန့်မြူး၊
တပ်တော်ဦးတွင်၊ ကညင်သစ်ကြီး၊
ကျိုင်းထီးတမျှ၊ ပမာဏကို၊

---

၁။ စာကျနေသည် လျော်ရုံမျှဖြည့်ထားခြင်း ဖြစ်ပါသည်။ စိစစ်ခင်းကျင်းသူ။

mgyoe.com

mgyoe.com SAMPLE BOOK

ငင်ချထိုးလှဲ၊ ခြိမ့်သဲပွဲတင်၊
ရှစ်ခွင်တုန်ရိုက်၊ တိုက်စက္ကဝါ၊
နှံ့စွာကြောက်မင်း၊ မာန်သွင်းအလို၊
ထိုကုလားပြည်၊ မတည်ထားညက်၊
ပျက်မည်မလွဲ၊
ငါးကျွဲဆက်လာ၊ အင်္ဂါဆယ့်နှစ်၊
ပုဆစ်ညွတ်တုပ်၊ လက်အုပ်ရှိခြွောက်၊
ရွှေစက်အောက်သို့၊ ပို့ရောက်လာပြီ၊
ဒီလီပဆာ၊ ဓာတာနှမ်းညှိုး၊
ခိုကိုးမည်ချည်း၊ အလံလှည်း၍၊
ကပ်ဆည်းဝင်လာ၊
ရတနာထွေ၊ မိုးသို့ဧွေမျှ၊
ကျက်သရေစုံ၊ ရွှေဘုံရိပ်ဖွား၊
ကုလားမင်းသွေး၊ ဆင်းငြိမ့်လေးကို၊
အရေးတော်ဖန်၊ ဆက်မည်မှန်သည်၊
လျှင်မြန်ပြီးစီး၊ ဘုန်း နေ့မီး။'

ထိုသို့ အမတ်ဝိမလလျှောက်လေသော်၊ စစ်ထွက်တပ်တော်ကပင်

''စစ်တကောင်းမြို့သည် ရှေးဘီတော်, ဘေးတော်တို့လက်ထက် အမတ်ဝိမလတို့ အမျိုး စားရိုး ဖြစ်သည်။''

အမိန့်တော်ရှိ၍၊ ဝိမလအမတ်ကို စစ်တကောင်းမြို့ကို မြို့စား ပေးတော်မူသည်။

သားတော်အိမ်ရှေ့မင်းမှာ သက္ကဒါန်လှေတော်။ အသီးအသီး ရဲမက်ဗိုလ်ခြေတို့ စီးသည့်လှေများမှာ လွန်းကြင်, အာတပ်, ဘားမဲ, စပ်တင်လှေ ၅၀၀၊ သူရဲ ၅ သောင်းနှင့် မရူမြစ်ကိုထွက်၍ ပင်လယ်ကြောင်း ချီလေသည်။

သားတော် သံတွဲစား ချစ်နှောင်းလည်း ကစ္ဆပနဒီမြစ်ညာ လက်ဝဲဘက်ပေချောင်းကိုဆန်၍ ကျောက်မသာ, ကျောက်ဖျာ, မြုံရွာက ခွေးမွေးတောင်စိုင်တမော့လမ်း ချီလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ပြည့်ရှင်မင်းကြီးလည်း သက္ကရာဇ် ၈၇၉ခု တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့[၁] ကစ္ဆပနဒီမြစ်ကို ကူးတော်မူ၍ စမထီ ပြွန်လမ်း ချီသွားရန် ချောင်းဝတွင် ချတော်မူပြီးသော်၊ 'အောင်သာမြို့' သမုတ်တော်မူသည်။

ထိုက ချီသွား၍ မပဟီနနဒီ မရူမြစ် အရှေ့ဘက် ရသေ့တောင်တွင် ချတော်မူ၍ 'ကိန်းသာမြို့' သမုတ်တော်မူသည်။

ထိုက ချီသွားတော်မူ၍ လေညှင်းပြင်တွင် ချတော်မူရာ 'ပဋ္ဌဝတီမြို့' သမုတ်တော်မူလေသည်။

ထိုက ချီသွားလျှင် ပဲလွန်းဆိပ်တွင် ချတော်မူ၍ 'သီရိဝတီမြို့'သမုတ်တော်မူသည်။

ထိုက ချီလေသော် ဒေါင်ပြင်မှာ ချတော်မူ၍၊ 'ကျက်သရေကြီးမြို့' သမုတ်တော်မူသည်။

ထိုက ချီသွားရာ ဂေါ်တော်ပလ္လင်မှာ ချတော်မူ၍ 'သုဝဏ္ဏမြို့'သမုတ်တော်မူသည်။

ထိုကချီလေ၍ သလူချောင်းကူးတွင် ကုလားအမတ် ၄ ယောက် လူ ၁ သိန်းခန့်နှင့် ခံရပ်နေသောစစ်ကို တွေ့လေလျှင် ပြည့်ရှင်မင်း ရင်ဆိုင်တူရှူ ချရပ်တော်မူ၍၊ တပ်တော်ဦးချုပ် အမတ်တော် ဆင်ကဲကြီးကို သလူတောင်ရင်းက ချီသွားစေလျက် ကိုယ်ရံသူရဲ ၂ သောင်းနှင့် ညဉ့် စီးနင်းဖိတိုက်စေရာ ကုလားတပ်ပျက်စီး ပြေးကြလေသည်။ ထိုအရပ်ကို စစ်သလင်းအောင်မြေမြို့ သမုတ်တော်မူသည်။

ထိုက ချီတော်မူလေ၍ သမိုးတောင်တွင် ချတော်မူသည်။ ထိုအရပ်ကို 'ဆီမီးတောက်မြို့' သမုတ်တော်မူသည်။

ထိုက ချီလေသော် ဝံတောင်တွင် ချတော်မူ၍ 'ရေချမ်းဝတီမြို့' သမုတ်တော်မူလေသည်။

ထိုကချီလေသော် 'ကံသာမြို့'ကို ရတော်မူလေသည်။

---

၁။ ခရစ်နှစ် ၁၅၁၇ ခု အောက်တိုဘာလ ၂၄ ရက်။

mgyoe.com

## ၂၆
## ကုလားပြည်ကို ချီတက်သိမ်းခြင်း

သားတော်အိမ်ရှေ့မင်း ပင်လယ်ကြောင်းတွင် ကုလားတို့ သင်္ဘောနှင့် ဆီးဆို့ခံနှင့်သည်ကို အတွင်းကြောင်း ချီသွား၍ သောင်းတီးကျွန်း၊ မဟတ္တိယာကျွန်းကို ရလေသည်။

သားတော်သံတွဲစားလည်း သက်မြို့ကို ရလေမှ ချီသွား၍ သီလက်မြို့ကို ရပြန်လေသည်။

စစ်တကောင်းမြို့တွင် ကုလားမင်းသား မုရသိန် ခံနေရာ အမတ်ဆင်ကဲကြီးကို ရဲမက် ၂ သောင်း၊ ကိုယ်ရံသူရဲ ၂ သောင်း၊ လူပေါင်း ၄ သောင်း ပေးတော်မူ၍ ကြည်း၊ ရေ ချီသွားတိုက်စေရာ၊ ကုလားမင်းသားလည်း စစ်တကောင်းမြို့တွင် အကြာ မခံဝံ့၍ ငါးရန့်ငူသို့ ဆုတ်သွားလေသည်။

အမတ်ဆင်ကဲကြီး စစ်တကောင်းမြို့ကိုရလျှင် ပြည့်ရှင်မင်းကြီး ချီသွားတော်မူ၍ စစ်တကောင်းမြို့တွင် ချတော်မူသည်။ ဆင်တော် ဇိဝဇိုးတပ်လည်း ဆိုက်ရောက်လာသော် မြက်၊ ရေဖြည့်တင်း ရပ်နေတော်မူပြီးမှ သက္ကရာဇ် ၈၇၉ ခု ပြာသိုလဆန်း ၅ ရက်နေ့[၁] ဆင်တော်ဇိဝဇိုးကို စီးတော်မူ၍ ဒါဂါမြို့ကို ကြည်းကြောင်း ချီတော်မူသည်။

သားတော်အိမ်ရှေ့မင်းလည်း ချီလာခဲ့၍ နောက်ချေးပူရာတွင် ချတော်မူလာသည်။

ပြည့်ရှင်မင်းကြီးကို ရောင်ဖြူမြစ်ကူးတွင် ကုလားအိမ်ရှေ့မင်းသား မုရသိန် ကြည်း၊ရေအပြည့် ရဲမက် ၃ သိန်းနှင့် ခံတိုက်လေသော် သားတော် သံတွဲစား ရဲမက် ၃ သောင်းနှင့် ကြည်း၊ ရေ ညှပ်လျက် ရောင်ဖြူမြစ်ညာက ချီလာသည်။ သားတော်အိမ်ရှေ့မင်းလည်း ကုလား ပဆာမြို့သစ်တွင် ချရပ်၍ ရှိသည်ကို ချီသွားတိုက်လေရာ၊ ကုလားမင်း ဆုတ်သွား၍ မောက်သူဇာမြို့တွင် နေလေသည်။

ကုလားမင်းသား မုရသိန်ကိုလည်း ရောင်ဖြူမြစ်တွင် အောက်၊ အထက် ပိတ်၍ ပြည့်ရှင်မင်းနှင့် သားတော်သံတွဲစား လိုက်လေရာ ကုလားတပ်ပျက်၍ ကုလားအိမ်ရှေ့မင်း မုရသိန်ကို ဖမ်းမိရတော်မူသည်။

---

၁။ ခရစ်နှစ် ၁၅၁၇ ခု ဒီဇင်ဘာလ ၁၆ ရက်။

mgyoe.com

mgyoe.com
SAMPLE BOOK


ထိုအရပ်ကိုလည်း 'ဇေယျရန်ငုံမြို့' သမုတ်တော်မူပြီးမှ ချီတော်မူလေရာ၊ ဒါဂါမြို့ကို သက္ကရာဇ် ၈၇၉ ခု ပြာသိုလဆန်း ၁၅ ရက်နေ့[၁] ရောက်တော်မူသည်။ သားတော်သံတွဲစားလည်း သီလက်မြို့တွင် အခိုင်ချုရပ်လျက် နေစေသည်။

ကုလားမင်းသား အိမ်ရှေ့မှုရသိန်ကို လက်ဝဲဝင်းမှူး ကျော်ပုံသို့ အပ်တော်မူ၍ ကောင်းမွန်စွာ ထားရလေသည်။

ဒါဂါမြို့ရောက်မှ အမိန့်တော်ရှိသည်ကား

"ရွှေ၊ ငွေ၊ အထည်အလိပ်များ မှာ ရသူယူစေ။ ပြောင်းမီးပေါက်၊ လက်နက်ခဲယမ်းများကိုသာ ဆက်သွင်း စေ။ ကုလားဆင်းရဲသားတို့ လုပ်ဆောင်သည့် ဥယျာဉ်၊ စပါး၊ လှေတက်၊ အိမ်ရာများကို မခုတ်မလှဲ မီး မတိုက်မရှို့စေနှင့်။ ကြောက်လန့်၍ တောပုန်းတောင်ခြေ ခိုနေသူတို့ကို အသီးအသီး ကျေးရွာသို့ ဝင်နေစေ။ မခုတ်မသတ် မလုယူစေနှင့်။ သာယာစွာ ဝင်စေ။"

အရပ်ရပ် တပ်တော်များသို့ စေန့်အောင် ဆင့်ဆို တော်မူပြီးမှ ကုလားမင်းရှိရာ မောက်သူဇာမြို့သို့ မိုးစည်စား အမတ်စက္ကကျော်ကို စေတော်မူရာ၊ ပေးလိုက်သည့်စာကား-

> အိန္ဒိယတိုင်း၊ အယုဇ္ဈပူရတိုင်း၊ ရက္ခပူရတိုင်းတို့ကို အစိုးရတော်မူသော အရှင်ရာဇာဓိရာဇာ အမိန့်တော်ရှိသည်။
>
> ကမ္ဘာအစ မဟာသမ္မတမင်းအနွယ်၊ ဘေးတော်သာဂရ စသည်စဉ်လာ ဝါသုဒေဝ၊ ဃဋပဏ္ဍိတ၊ ဗြဟ္မဏရာဇာ၊ မာရယုမင်း၊ အာဘိရာဇာ၊ ကံရာဇာကြီး၊ စန္ဒသူရိယ၊ ဒသရာဇာ၊ အာဏာထွန်းလင်း၊ မင်းဆက်များစွာ။
>
> အနောက်မျက်နှာ ရက္ခပူရတိုင်းနိုင်ငံ ကုမ္ဘိလာမြို့ထိ။ အနောက်တောင် ဘာဂီရနဒီ ရေရိုးအခြား မောက်သူဇာမြို့ ကူလိကွတ္တာသဘော်ဆိပ်ထိ။ အနောက်မြောက် ရောင်ဖြူမြစ်အနောက် သီလက်မြို့ထိ ပိုင်တော်မူသည်။

---

၁။ ခရစ်နှစ် ၁၅၁၇ ခု ဒီဇင်ဘာ ၂၆ ရက်။

mgyoe.com

ဘေးတော်မင်းထီးလက်ထက် အရှေ့သက်တို့ တောင်စဉ်ကျေးရွာကို စတင်ဖျက်ဆီးလာရာ မာန်တော်ဝင်၍ သက္ကရာဇ် ၆၉၅ ခု[1]တွင် ချီတက်တိုက်စေရာ၊ သက်မြို့ပျက်၍ သက်မင်းနှင့်သားသမီးတို့ကို ရခဲ့သည်။ သက်မင်းသားတို့ ထွက်ပြေးလေရာ အငြိုးရန်စ ရှိသည်။

သက်မင်းမြေး မင်းဆွေသား မင်းရဲကျော်စွာ ချီတိုက်လာသော်၊ မင်းစောမွန်လည်း အမျိုးမင်းကျင့် တရားလွတ်လေရာ ပြည်သူငြိုငြင်သဖြင့် ပျက်စီးလျက် ရှိသောအခါ သက္ကရာဇ် ၇၈၀[2] တွင် ဘင်္ဂါး ၁၂ မြို့သို့ ကူးပြောင်းနေလေသော်၊ ပဆာမင်းက စစ်ကူပေးသည်ကို အကြောင်းပြု၍ ကုလားဘင်္ဂါး ၁၂ မြို့ကို ပေးခဲ့သည်။ နှစ် အရှည်ရှိပြီ။ သိမ်းထောက်တန်၍ သိမ်းတော်မူသည်။

ဒီလီမင်းနိုင်ငံ မြေ့ရေကဲ့သို့ ဆီးဆို့ခုခံသည်မှာ သာယာစွာပြန်လျှင်လည်း ရှေးဘေးတော်မင်းတို့ ထုံးစံပဟောင်း မပျက်စေရ။ မောက်သူဇာတွင်သာ ယူတော်မူမည်။ ယင်းသို့မဟုတ် 'စစ်ပြုမည်'ဖြစ်လျှင် ဒီလီမြို့တိုင်အောင် သိမ်းယူတော်မူမည်။

ထိုစာ ကုလားမင်းထံရောက်လေသော် အပ်မြဲ အပ်လေ၍ ကုလားမင်းဆုတ်သွားပြီးလျှင်၊ ဘာဂီရနဒီမြစ် အနောက်ဘက် ဇမီရာမြို့မှာ ချရပ်နေပြီးမှ ကုလားဒီလီမင်းက သမီးပဲသီဒါနှင့် လက်ဆောင်ပဏ္ဍာအများ ဆက်သလာလျှင်၊ ကုလားမင်းသား အိမ်ရှေ့မှုရသိန်ကိုလည်း ပေးတော်မူလေသည်။

ပြည့်ရှင်မင်းကြီးလည်း တပ်စဉ်အတိုင်း ချီတော်မူ၍ ဂရာသီမြို့ ဗောဓိပင်သို့ ရောက်တော်မူလျှင် ရွှေပန်း၊ ငွေပန်း၊ ထီး၊ တံခွန်ဖြင့် ပူဇော်ကန်တော့ပြီးမှ၊ သက်တော်စေ့ ၄၁ ဆူ ကျောက်ဆင်းတုဘုရား တည်တော်မူသည်။

---

၁။ ခရစ်နှစ် ၁၃၃၃ ခု။
၂။ ခရစ်နှစ် ၁၄၁၈ ခု။

mgyoe.com

mgyoe.com SAMPLE BOOK

သက္ကရာဇ် ၈၇၈ ခု[1]တွင် ထီးနန်းတက်တော်မူပြီးမှ သက္ကရာဇ် ၈၇၉ ခုနှစ် ကုလားဘင်္ဂါး ၁၂ မြို့ကို ချီသိမ်းတော်မူကြောင်း။

သက္ကရာဇ် ၈၇၉ ခု တပေါင်းလဆန်း ၁၅ ရက်[2]။ နံတော်နေ့ သဘင်ကြီးစွာနှင့် ဗောဓိပင်မှာ အလှူတော်ကြီးပေးကြောင်း။ သက်မင်း စောနွယ်က ဆင်ဖြူ ၂ စီး ဆက်ကြောင်း။ ဒီလီ ကုလား ပဆာမင်းကလည်း သမီးနန်းထက်ဖွား နံ-ဗုဒ္ဓဟူး အသက် ၁၇ နှစ်ရှယ် ပဲသီဒါကို ဆက်လာသည်။

ဒီလီကုလား ပဆာမင်းသား စစ်ပွဲတွင်ရသော အိမ်ရှေ့ မုရသိန် နံ စနေ-အသက် ၃၉နှစ်ရှယ်သူကို ဘေးမဲ့ချမ်းသာ ပေးတော်မူ၍ အဖ ပဆာမင်းကို သနားတော်မူခဲ့ကြောင်းများကို သေချာစွာ ကျောက်စာထိုးတော် မူခဲ့ပြီးလျှင်၊ သက္ကရာဇ် ၈၈၀ ကဆုန်လဆန်း ၂ ရက်နေ့[3] ဗောဓိပင် ဂရာသီမြို့က ပြန်ခဲ့သည်။

ဒါဂါမြို့သို့ ရောက်တော်မူလျှင် မြို့ နိုင်လုံစွာတည်တော်မူ၍ သားတော် အိမ်ရှေ့မင်း ချစ်နှောင်းကို ပြည်တော်သို့ သက္ကရာဇ် ၈၈၀ ကဆုန်လပြည့်ကျော် ၅ ရက်နေ့[4] ပြန်တော်မူစေသည်။

သီလက် ရောင်ဖြူ၊ ကံသာ၊ ဂုမ္ဘိလာ ၄ မြို့ကိုလည်း ဝင်းမှူး ၄ ယောက်ကို သက္ကရာဇ် ၈၈၀ နယုန်လပြည့်ကျော် ၆ ရက်နေ့[5] ပေးတော်မူသည်။

ယင်းသောအခါ "သက်မင်းစောနွယ်ဆက်ဖြစ်သော ဆင်ဖြူတော် ၂ စီး သည် ဆင်ဖြူ မဟုတ်။ မြေဖြူ လိမ်းကျံ၍ဆက်သော ဆင်ကို စစ်တကောင်းမြို့စောင့်အမတ် ဓားပိုင်ကြီး ဆင်ဖြူလုပ်၍ လျှောက်တင်ခြင်းသာ ဖြစ်ပါသည်"

ရောင်ဖြူမြို့အကြီး ကုလားဌာနာများတလီ ဦးသင်း ပြည့်ရှင်မင်းထံ လျှောက်လာသော်၊ အမိန့်တော်ရှိသည်ကား-

"မုဿလမ်ကုလားတို့အမျိုး မျောက်နှင့် တူသည်။ သင်းတို့ကို ယုံသောသူသည် မြေလုံးနှင့် ဖက်ရှက် မိတ်ဆွေပြုကြသည့်ပမာ ၂ ဦးပင် ပျက်ချေသည်။"

---

၁။ ခရစ်နှစ် ၁၅၁၆ ခု။
၂။ ခရစ်နှစ် ၁၅၁၈ ခု ဖေဖော်ဝါရီလ ၂၃ ရက်။
၃။ ခရစ်နှစ် ၁၅၁၉ ခု မတ်လ ၃၀ ရက်။
၄။ ခရစ်နှစ် ၁၅၁၉ ခု ဧပြီလ ၁၇ ရက်။
၅။ ခရစ်နှစ် ၁၅၁၉ ခု မေလ ၁၈ ရက်။

mgyoe.com

mgyoe.com

အမိန့်တော်ရှိ၍ တန်ဆာကို သိမ်းပြီးလျှင် မိန်းမစိုး မော်လိပ်အစိုးမှာ ဖြည့်တော်မူလေသည်။

## ၃၀
## ကုလားပြည်မှ ပြန်ခြင်း

ယင်းသို့ သံတွဲစား ချစ်နှောင်းကို "စစ်တကောင်းမြို့သို့ ပြန်၍ နေစေ။"

အမိန့်တော်ရှိလေရာ သားတော်ပြန်သွားရသည်။

စစ်တကောင်းမြို့ ရောက်သောအခါ ဆင်ဖြူ ၂ စီး တွေ့လေမူ၊ ဆင်ဖြူ မဟုတ်။ ကုလား၌ာနှာ လျှောက်သော အတိုင်း မှန်သည်။

သက်မင်းကို အမျက်တော်ဝင်၍၊ သက်အမတ် ၄ ယောက်ကို အပြစ်နှင့် ထားလေသည်။

ယင်းသောအခါ အမတ်ဓားပိုင်ကြီး လျှောက်သည်ကား-

"အရှင်မင်းသား။ သက်မင်း ပြုသောအမှုသည် ပြည့်ရှင်မင်းတို့ အကျိုး မင်းဂုဏ်ကိုရိယာသာ။ တိုင်းပြည်အမှု မဟုတ်ပါ။ ခမည်းတော်ဘုရားသည် ဘုန်း၊ ပညာ၊ ကျက်သရေ-၃ ပါး ပြည့်စုံသော၊ အရှင်သက်မင်းပြုသော အမှု ကိုလည်း ဂုဏ်ကြီးမြင့်ခြင်း ကျက်သရေတော်အဝင် ဖြစ်ပါသည်။ နေရောင်ကို တိမ်မှောင် ဖုံးသကဲ့သို့ အရှင့်သားတော် မပြုသင့်ပါ။"

ထိုသို့ အမတ်ကြီးလျှောက်သော်လည်း၊ သားတော်သံတွဲစား လက်ရုံး ရည်သာ ရှိသည်ဖြစ်၍ နှလုံးရည်နည်းသဖြင့် အမတ်ကြီးစကားကို မနာမယူ နေလေသည်။

ယင်းသို့ အကြောင်းအရာများကို ပြည့်ရှင်မင်း ကြားသိတော်မူလေသော်

"စစ်တကောင်းမြို့တွင် အမတ်ဓားပိုင်ကြီး နေမြဲနေ၍၊ သက်မင်း ဆက်သော ဆင်ဖြူ ၂ စီးကို ဆောင်ယူခဲ့ရင်းတိုင်း ကောင်းမွန်စွာတန်ဆာဆင်၍ သက်မင်းနှင့် သက်မင်းမှူးမတ်တို့ပါ သာယာစွာ သံတွဲစား ကြီးကြပ်ဆောင်၍ ဒါဂါမြို့သို့ လာစေ။"

အမိန့်တော်ရောက်လာသည့်တွင်မှ၊ သားတော်သံတွဲစား ချစ်နှောင်း ကြောက်လှစွာနှင့် သက်မင်းမှူးမတ်ကို လွှတ်လျက် ကောင်းမွန်စွာ ဆောင်ယူသွားလေသည်။

ပြည့်ရှင်မင်းကြီးထံ ရောက်လေသောအခါ အမိန့်တော်ရှိသည်ကား-

"သံတွဲစားချစ်နှောင်းသည် ပညာရှိစကားကို မနာယူ။ မင်းသားဖြစ်လျက် ရှေးထုံးဟောင်းသက်သေကို မတတ် မသိ။ လူမိုက်တို့အလေ့ ကြမ်းတမ်းခက်ထန်သော အမှုမယဉ်သော ဆင်ရိုင်းပမာ လက်ရုံးကိုသာ လေ့လာ၍ ကောင်းကျိုး၊ မကောင်းကျိုးကို မသိ။ တွေ့ရာလောင်တတ်သော မီးနှင့်တူသည်။ ပညာရှိထံ နည်းခံစေဦး။"

အမိန့်တော်ရှိ၍ ပညာရှိအမတ် စစ်တကောင်းမြို့စား မဟာပညာကျော်သို့ အပ်တော်မူလေသည်။

ယင်းသို့ပြီးမှ အမိန့်တော်ရှိပြန်သည်ကား၊

"စူဠလိပ်ငယ်သည် ဗာရာဏသီမင်းရှေ့ရောက်လေရာ 'မီးသို့ ချမည်' ဆိုသောစကားကို လိပ်ငယ်ကြားက ရယ်ပြန်သည်။ 'ရေကြောင်း သို့ချမည်' ဆိုလေသော် ထိုလိပ် ငိုလေရာ၊ သံတွဲစား ချစ်နှောင်းနှင့် နှလုံးရည်တူသော အမတ်တို့က 'ဤလိပ်ငယ်သည် ရေကိုကြောက်တတ်သော အမျိုးမှန်သည်။ ရေသို့ ချပါမည်။' မင်းထံ လျှောက်လေရာ၊ မင်းလည်း လိုက်နာလျက် လိပ်ကို ရေသို့ချလေသော် ထိုလိပ်ငယ် နဂါးပြည်သို့ ရောက်ပြန်လေသည်။ နဂါးမင်းထံ 'လူမင်းက သံစေ၍ လာရကြောင်း' ပြောဆိုလျှင် နဂါးမင်းက နဂါးလုလင် ထည့်၍၊ ထိုလိပ်ကို ဆောင်ယူလျက် လူ့ပြည်သို့လာခဲ့ရာ ရေကန်တစ်ခု၌ ထိုလိပ်ငယ် ပျောက်လေကြောင်း။ အခြေမရှိ လိပ်ငယ် လှည့်စားသော စကားကို လူမင်း၊ နဂါးမင်းတို့ ယုံသဖြင့် ရောက်ပေါက်ကြလေသော်၊ မိတ်ဆွေကြီးစွာ လူ့ပြည်နှင့် နဂါးပြည် သားချင်းဆက်ကြောင်း။ ရှေးသူဟောင်းသူမြတ်ထားခဲ့သော ဇာတ်နိပါတ် ထင်ရှားရှိသည်။ သက်မင်းစောနွယ်လည်း ငါ့အကျိုးတော်ကိုလို၍ မင်းဂုဏ်ကျက်သရေကို မြှင့်မြှောက်သူ ဖြစ်သည်။"


mgyoe.com

mgyoe.com SAMPLE BOOK

အမိန့်တော်ရှိပြီးမှ သက်မင်းစောနွယ်ကို 'ကောင်းလှဖြူ'အမည်နှင့် သားတော် သံတွဲစားနည်း မင်းဆောင် ပေးတော်မူလေသည်။ သက်မင်းအမတ်ကြီးတို့မှာလည်း ကုလားဌာနာတို့နည်း အဝတ်တန်ဆာ ဥသုံ ပေးတော်မူသည်။

ဒါဂါမြို့တွင် ဝါဆိုတော်မူ၍ ကုလားမင်းသမီး ပဲသီဒါမှာ သားတစ်ပါး ဖွားတော်မူလေရာ 'ငအင်္ဂါ'ဟူသော အမည် ပေးတော်မူသည်။ ခွေလတိုင်လေသော် သားတော်ငအင်္ဂါကို ကုလားဆိုင်ရာမြို့ကို ပေးတော်မူ၍ အမိပဲသီဒါနှင့်တကွ မောက်သူဇာမြို့တွင် ကြီးစွာတိုက်အိမ်နှင့် ထားတော်မူခဲ့သည်။

မောက်သူဇာမြို့ကိုလည်း လက်ယာစစ်ကဲ မနုဟာကို သူရဲ ၅ သောင်းနှင့် မြို့စောင့်ထား၍ နယ်ခြားကျောက်တိုင်, ရေကန် စိုက်ထူထားခဲ့သည်။

ဒါဂါမြို့မှာ သူရဲ ၅ သောင်းနှင့် လက်ဝဲစစ်ကဲ မင်းခေါင်ကို အစောင့်ထားတော်မူခဲ့သည်။

'ကုလားဆင်းရဲသားတို့လုပ်စားသော ဥယျာဉ်လယ်ယာများမှာ ကုလားတောင်တာ ၁ ဂါရီလျှင် ၁နှစ် ၅အသပြာဆက်သွင်းမြဲ။ ရှေးဘေး လောင်းတော်တို့ ထုံးအတိုင်းကိုသာ မပိုမလွန် ခံယူဆက်သွင်းလာစေ။

'ကူလီကွတ္တာသဘော်ဆိပ်, စစ်တကောင်းသဘော်ဆိပ်များမှာလည်း ၁၀ လျှင် ၁ ခုသာ ကောက်ယူဆက်သွင်းစေ။

မြို့စားတို့မှာ ကူးတို့ခွန်, ကင်းခွန်, ရေရှိုးပိုက်ခွန်ကိုသာ စားစေ။

'တရားတဘောင်မှုမှာ အခွန်ဘဏ္ဍာကြေး ကုန်ငွေကျ မရှိစေနှင့်။ ဉာဏ်ပူဇော်သောအမှုကို ထောက်၍၊ ၅ သပြာ တန်သည်- ၂ သပြာခွဲ တန်သည်- ၁ သပြာ တန်သည်ကို ပြီးအောင်စီရင်သူတို့ စားယူစေ။

'လင်းကဲ, ခွေးမွေးတို့မှာ ၁ အိမ်လျှင် ၁ နှစ် ၃ သပြာ ဆက်မြဲထုံးအတိုင်း ဆံက်စေ။'

ထိုသို့ အသီးသီးပညတ်တော်မူပြီးမှ ဘိတော် ဝေသာလီမင်း သီရိတဥ္စန္ဒရာသားတော် အိမ်ရှေ့မင်းသီရိစန္ဒရာ ချီတော်မူသည်ကာလ ကုလားပဆာမင်းက ဆက်သော၊ ကုလားမင်းသမီး ဒံမာဇာလီ, ဒူရာဘီတို့ ၂ ယောက်က 'သောင်းတီးနတ်မှာ လူ ၄၀၀၀လှူလိုကြောင်း' လျှောက်ထားလေရာ၊ ဟာပတူကျွန်း ဆားချက်ကုလား ၄၀၀၀ ကို ပေးတော်မူ၍ ကုလားမင်းသမီး ဒံမာဇာလီ, ဒူရာဘီတို့ကို လူပေါင်း ၄၀၀၀ ကို သောင်းတီးနတ်ကို လှူခဲ့သည့်


mgyoe.com

mgyoe.com SAMPLE BOOK 

ကုလားနတ်ကျွန်တို့ကို အကုန် သိမ်းတော်မူခဲ့၍ သက္ကရာဇ် ၈၈၁ ခု တပေါင်းလဆန်း ၁၂ ရက်နေ့[၁]။ ပြည်တော်သို့ ပြန်တော်မူခဲ့သည်။

စစ်တကောင်းမြို့သို့ ရောက်တော်မူလျှင် သက်မင်း ကောင်းလှဖြူကြ သမီး သဇင်ညိုကို ဆက်လေရာ ခေါ်ယူတော်မူခဲ့၍၊ ချီတော်မူရင်း စခန်းစဉ် အတိုင်း ပြန်တော်မူခဲ့ရာ သက္ကရာဇ် ၈၈၁ ခု တန်ခူးလ[၂]အခါတော်မိ မြို့တော်သို့ ရောက်တော်မူသည်။

သောင်းတီးနတ်ကျွန်း ကုလား ၄၀၀၀ မှာ သံတွဲမြို့ကို စားတော်မူ သည်ကာလ တည်ခဲ့သော ကုသိုလ်တော် ဆံတော်၊ အံတော်၊ နံတော်- ဘုရား ၃ ဆူမှာ ရွှေကရားနှင့် ရေစက်သွန်းချပြီးမှ ကျောက်စာမော်ကွန်းထိုး၍ လှူတော်မူသည်။

## ၃၁
## မဟာပညာကျော်လျှောက်ထုံး-၁

သကျာသာကီဝင်မင်းအနွယ် ထီးရိုးနန်းရိုး မင်းစဉ်မှန်တော်မူသော မင်းသား ကြီးသားတော် ငယ်မည် 'ချစ်နှောင်း'-မင်းဖလောင်းကြီး လက်ထက်တော်၌ အကြောင်းကိုသော်ကား။

ထီးနန်း တက်တော်မူလျှင် ဘထွေးတော်စကြဝတေးကို သံတွဲမြို့စား ပေးတော်မူသည်။

ယင်းသောအခါ ခမည်းတော်က မောက်သူဇာမြို့တွင် ထားခဲ့သော ကုလားမင်းသမီး ပဲသီဒါနှင့်ဖွားမြင်သော ငအောဂ်ါနှင့် ဘထွေးတော် သံတွဲစား ပေါင်းမိသောကြောင့် သွားလေ၍ ပဲခူးမင်းထံ ရောက်လေရာ၊ ယင်းသို့နောက် တောင်ငူမင်းတရားရွှေထီးနှင့် ပေါင်းမိပြန်လေလျှင်

"ရက္ခပူရတိုင်း ထီးနန်းမင်းဆက် အရိုးအသား မှန်သည်။ သဘော်ဆိပ်များ ရက္ခပူရတိုင်းနိုင်ငံ ကုလား ၁၂ မြို့နှင့်တကွ ကျွန်တော်မျိုး ဝင်ပါမည်။"

---

၁။ ခရစ်နှစ် ၁၅၂၀ ခု ဖေဖော်ဝါရီလ ၂၉ ရက်။
၂။ ခရစ်နှစ် ၁၅၁ ခု မတ်လ။

mgyoe.com

mgyoe.com SAMPLE BOOK

လျှောက်လေသော်၊ မင်းတရားရွှေထီးက 'ကျော်ထင်နော်ရထာ'ဟူသော အမတ်ကို တပ်ဦးထားလျက် သက္ကရာဇ် ၉၀၅ ခုတွင် ချီလာကြောင်းကို ကြားသိတော်မူလေသော်- စနည်းနာလေရာ

'ကျီးအာ၍ ညော့်လာသည်။' ပထမစနည်း။

ဒုတိယစနည်းမှာ 'လသာသည် ပြန်လေဦး။ အုန်းပင်ရှင် ဖမ်းမိမည်။''

တတိယစနည်းကား 'အိပ်၍နေ။ လှေဦးတိုင်, ပဲ့တိုင် နိုင်အောင်စိုက်။ ပေါင်းမိုးဖျာကို လိပ်၍သွင်း။''

ထိုစနည်း ၃ ရပ်အလို အမတ်စစ်တကောင်းစား မဟာပညာကျော် လျှောက်သည့် ထုံးသော်ကား-

''ကျီးအာ၍ ညော့်လာသည်။-မှာ သံတွဲစား ဘထွေးတော်နှင့် ခမည်းတော်မိဖုရား ကုလားမ ပဲသီဒါတွင် ဖွားမြင်သည့် ငအံ့ါ တောင်ငူမင်းထံ ရောက်လေသည့်အကြောင်း။ မင်းတရားရွှေထီး ညော့်သည်ပမာသာ လာရောက် ၍ ပြန်ပါလိမ့်မည်။

''လသာသည် ပြန်လေဦး။ အုန်းပင်ရှင် ဖမ်းမိသည်။- မှာ ဘုန်း, ပညာ, ကျက်သရေနှင့်ပြည့်စုံသော မင်းမျိုး စိုးမိုးတော်မူသည်။ တိုင်းပြည် သာယာဆဲဖြစ်၍ မင်းတရားရွှေထီး ရန်မူလာလျှင် တောင်ငူမင်းတရားရွှေထီး ကို ဖမ်းမိရပါလိမ့်မည်။ သို့ရာတွင် 'ပြန်လေဦး'ဆိုသော အရသော်ကား နောင် ဘုန်း, ပညာ, ကျက်သရေမရှိသော မင်းလက်ထက်'အုန်း'ဟူသော နံအရ ဉာ်မြောက်ဦးမြို့တော်ကို အရှေ့က ပျူတို့ ဖျက်ဆီးပိုင်နိုင်လေရာသော အကြောင်းမူလျက် စနည်း ထွက်ပါသည်။

''အိပ်၍နေ။ လှေ ဦးတိုင်, ပဲ့တိုင် နိုင်အောင်စိုက်။- အလိုသော်ကား လှေကို တိုင်ကြိုး ထိန်းသည်။ ပြည်ကို အမတ်ကြီး ထိန်းသည်။ ပြည်ထိန်း အမတ်ကြီး ၂ ယောက်ကိုသာ လက်ဝဲ,လက်ယာ ထွက်၍ ခံစေရပါမည်။ အရှင်မင်းမြတ် ချီတော်မမူသင့်။

''ပေါင်းမိုးဖျာကို လိပ်၍ သွင်း။-အလို တောင်ငူမင်းလာလမ်း တောင်မြို့ ကျေးရွာတပြင် စပါးများကို မြို့သို့သွင်း၍ ထားရပါမည်။''

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသို့ လျှောက်လေသော် ပြည့်ရှင်မင်းလည်း ကြိုက်တော်မူ၍ မြို့တော်တွင်လည်း ကိုယ်တော်ရံ သူရဲ ၅ သောင်းတို့ကို လက်နက်အစုံနှင့် စည်းကြပ် အစောင့်အနေထားပြီးမှ၊ အမတ်ကိုယ်ရံကြီး၊ ဓားပိုင်ကြီး-၂ယောက်မှာ သူရဲ ၁ သိန်း၊ ကိုယ်ရံ ၅ သောင်း ပေး၍ လက်နက်အစုံနှင့် မီးငှုကျွန်း၊ ရမောင်းကျွန်းများတွင် ထားလေသည်။

ညီတော် ကုလားတန်စား ချစ်နှောင်းကိုလည်း မြို့၊ သက်၊ လင်းကဲ၊ ချင်း၊ ချော်၊ ခွေးမွေး၊ လေးတူး၊ တဲစွ၊ ချောင်းသား၊ ကတူး၊ ချူပ်လဟော် လူမျိုးတို့နှင့် ဘိုးခေါင်တောင်အရှေ့ဘက် ကျေးရွာသို့ ချီတက်စေသည်။

သားတော်အိမ်ရှေ့မင်း စော်လှကိုလည်း ဘင်္ဂါး ၁၂ မြို့ ကုလားသဘော် ၃၅ စင်းနှင့် မော်တင်က အစောင့်အနေ ထားလေသည်။

ထိုသို့ အသီးသီး ခန့်ရံထားတော်မူပြီးမှ ဆင့်ဆိုတော်မူသည်ကား-

"တောင်ငူ မင်းတရားရွှေထီး ရောက်လာလျှင် ရှေ့က ဆီးဆို့မတိုက်နှင့်။ ချီလာ၍ မြို့နားသို့ရောက်လာမှ နောက်ကပိတ်ဆို့။ ရိက္ခာ မရှာစေရ တိုက်ဖျက်ရမည်။"

အမိန့်တော်ပြန်ဆိုလျက် ထားတော်မူလေသည်။

တောင်ငူ မင်းတရားရွှေထီးလည်း သက္ကရာဇ် ၉၀၅ ခု တပို့တွဲလဆန်း ၂ ရက်နေ့[1] လောင်းကြက်မြို့ဟောင်းတွင် ချလာ၍၊ ၄င်း လဆန်း ၃ ရက်နေ့[2] မြို့ကိုတိုက်လေရာ မီးပေါက်၊ ပြောင်း၊ လေးများ ပစ်ခတ်လျှင် အသေများသဖြင့် ဆုတ်ခွာနေလေသည်။

အမတ်ကြီး ၂ ဦးလည်း နောက်က ပိတ်ဆို့တိုက်လေသည်။ ညီတော် ကုလားတန်စားလည်း အရှေ့ အောင်စည်မြို့တော်ကို တိုက်ဖျက်၍ အိမ်ရာဆန်စပါးများကို မီးတိုက်လေသည်။

---

၁။ ခရစ်နှစ် ၁၅၄၃ ခု ဒီဇင်ဘာလ ၂၆ ရက်။
၂။ ခရစ်နှစ် ၁၅၃၄ ခု နိုဝင်ဘာလ ၂၇ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၃၂
## ကျော်ထင်နော်ရထာနှင့် အမတ်ပြည်စိုးကြီးဓမ္မဇေယျ

ယင်းသောအခါ တပင်ရွှေထီးအမတ်ကြီး ကျော်ထင်နော်ရထာကို မင်းတရားရွှေထီးက စေလွှတ်လိုက်၍ ဝင်လာသော် အတွေ့ခံတော် မမူ။ တရားသဘင်ပြုရာမဏ္ဍပ်၌ အမတ်ပြည်စိုးကြီးနှင့် စကားပြောကို စေသည်ကာလ အမတ်ပြည်စိုးကြီး ဓမ္မဇေယျက ကျော်ထင်နော်ရထာကို မေးသည်ကား

''အမတ်ကြီးတို့ပြည်တွင် ရတနာ ၃ ပါး ဘုရား,တရားတော်ကို ကြည်ညိုသောသူ ရှိပါ၏လော။ ပြည့်ရှင်မင်းလည်း မင်းကျင့်တရား ၁၀ ပါး, ရာဇဂုဏ် ၈ ပါး မြဲပါ၏လော။ မှူးမတ်တို့လည်း အင်္ဂါ ၈ ပါး စုံ ပါ၏လော။''

ထိုသို့ မေးလေရာ၊ တောင်ငူမင်းအမတ်ကြီး ကျော်ထင်နော်ရထာ ဆိုသည်ကား

''ကျွန်ုပ်တို့တိုင်းပြည်၌ သာသနာတော် ထွန်းလင်း၊ မင်းလည်း ဘုန်းအာဏာကြီးကျယ်၊ မှူးမတ်တို့လည်း အင်္ဂါစုံစွာ ပညာဗလ ပြည့်ဝကြသည်ပင်။''

ယင်းသို့ဆိုလတ်သော် အမတ်ပြည်စိုးကြီး ဓမ္မဇေယျ ဆိုပြန်သည်ကား

''ဘုရား စသော သူတော်ကောင်းတို့ ဆုံးမတော်မူခဲ့သော တရားကျမ်းဂန်လာသည်မှာ သီလဒုစရိုက်တရား ၁၀ ပါးကို စောင့်ထိန်းသောအရပ်၌ သာသနာတော် တည်ရာသည်။ ထိုဒုစရိုက် ၁၀ ပါးကို မစောင့်ထိန်းသောအရပ်သားတို့သည် သူမိုက်လေ့ ဆိုးသွမ်းနိုင့်ထက် ဝိလုပ္ပန္နော-ရက်ရောကြမ်းတမ်းယုတ်နွမ်းသောအမှုနှင့်သာ အသက်ထက်ဆုံး ကျင့်ကြံနေလေ့ရာသည်။ သူတော်ကောင်း ရှိသောအရပ်၌ ရာဇဟိန္နဲ အကျင့်မရှိ။

''အမျိုးမစောင့်သောမင်းသည် အကယ်၍ စိုးမိုးအံ့။ ထိုအမတ်ကောင်းတို့သည် မင်း မမှားစေရ။ အသက်မငဲ့ လျှောက်မြဲ။

မင်းနှင့် အမတ်စုံလျက် ဆိုးသွမ်းလတ်သော်၊ သံဃာတော်တို့ ကျိုးကြောင်းပြသ ဟောပြောဆိုမြဲ ကျမ်းဂန်အလာ ရှေးပညာရှိ စကားအမှာတွင်လည်း


mgyoe.com

 mgyoe.com SAMPLE BOOK 

'ရေမြေဦးကိုင်၊ နိုင်ငံပိုင်မူ၊
ယိမ်းယိုင်ရှေးလမ်း၊ အကျင့်သွမ်းသော်၊
မကျွမ်းဝင်ဘိ၊ မတ်ကဝိတို့၊
နှိုင်းညှိတုံဖြား၊ မင်းပါးလျှောက်သင့်၊
ကြီးမြင့်ဂုဏ်ရှင်၊ နားမဝင်၍၊
မင်းပင်ကျင့်ရာ၊ တူစွာစရိုက်၊
မင်းလိုလိုက်၍[၁]၊ မတ်မိုက်နှင့်မင်း၊
သင်းပင်းညီစွ၊ ပြုပြန်ကမူ၊
ဓမ္မသဘင်၊ မင်္ဂလာကျော်၊
သံဃာတော်တို့၊ အဟော်တဝ၊
ရှေးကမင်းပေါင်း၊ မှုးမတ်ကောင်းတို့၊
မစောင်းတည့်မတ်၊ ကျင့်ဝတ်ကျမ်းဂန်၊
မလွန်မယုတ်၊ ဖော်ထုတ်ပြသ၊
ဆုံးမထုံးစံ၊ လှူခံသူမြတ်၊
ရဟန်းဝတ်နှင့်၊
လျှောက်ပတ်သင့်စွာ ပြောဆိုရာ၏။- ပညာရှိစကား လာကြောင်း။''
ဆိုသည်။

နောက်တစ်ရက် ဝင်လာသောအခါမှ ပြည့်ရှင်မင်း အတွေ့ ခံတော်မူလျက် အမိန့်တော်ရှိသည်ကား-

''ရေမရှိသော ကန်၊ ဆန်မရှိသော စပါး၊ တရားမရှိသော မင်းမျိုး၊ ဆိုးကောင်းမသိသော မိး၊ ခရီးရောက်ရာသွား၍ ကြွက်ကိုစားသော မြွေ။ ထို ၅ ဦးတို့သည် ပဥ္စဘုတ် သူတော်ကောင်း မှီခိုရာ မအပ်။ အကျိုးအပြစ်ကိုလည်း မသိ။ ထိုသူတို့ ရှိသောအရပ်ဒေသ၌ အရှည်လည်း မထွန်းလင်းနိုင်ရာ။ ရန်သူ ၅ ပါးနှင့် ဆက်ဆံများလေသည်ပင် အစ်ကိုတို့ တောင်ငူမင်းလည်း လက်ရုံးမာနအား လွန်သည်။ ပညာရှိနှင့် နီးကပ်ပေါင်းစေဦး။''

အမိန့်တော်ရှိလေသည်။

---

၁။ '၍'သည် မူလစာမပါသဖြင့် ကာရန်ဖြည့်ဆည်းထားခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

## ၃၃
## မဟာပညာကျော်လျှောက်ထုံး-၂

အမတ်ကျော်ထင်နော်ရထာ အပြန်တွင်လည်း တောင်ငူမင်းတရားရွှေထီး ထံသို့ စစ်တကောင်းမြို့စား မဟာပညာကျော်ကို ပြည့်ရှင်မင်းက ထည့်တော်မူလိုက်သည်။

မင်းတရားရွှေထီးထံ မဟာပညာကျော် လျှောက်ထုံးသော်ကား-

“အရှင်မင်းမြတ်။ လောကထွတ်ထိပ်ဖြစ်တော်မူသော ဘုရားသခင် ဆုံးမတော်မူသည့်တရားကို မတည်သောသူတို့သည် သံသရာဝဋ်ဒုက္ခ ဆင်းရဲ ရှည်ပါသည်။

“ရှေးသူဟောင်းစကား၌လည်း ‘သဘော်စီးလျက် ရေရိုးရေကြောင်းကို မသိတတ်သော မာလိန်။ တောဝင်လေလျက် တောစဉ်ကိုမသိသော မုဆိုး။ ပြည့်ရှင်မင်းဖြစ်လျက် မှူးမတ်အရည် အနိမ့်အမြင့်ကို မသိတတ်သော မင်း။ အမတ်ဖြစ်လျက် မင်းအရိပ်အခြည် အရည်အသွား စကားသင့်, မသင့်ကို မသိတတ်သော အမတ်။ ‘စတုဟိနု အနိဋ္ဌဥမ္မတ္တကော’- အလိမ္မာမရှိ ထိုသူ ၄ ဦးတို့ သေခြင်းမလှ သေရကြောင်း ထုံးဟောင်း ရှိပါသည်။

“တရားလိမ္မာ သံသရာအပြစ်ကိုသိသော မင်းကောင်းမင်းမြတ်တို့ ‘အနီး, အဝေး သူ့သား ကိုယ့်သား မရွေး ဆုံးမတော်မူကြောင်း’ ရှေးသူတော်ဟောင်း အဆို လာပြန်သည်မှာ၊

‘ကျမ်းချော်မမွေ၊ သဒ္ဓိဝအား၊
ပြစ်မှားပြင်းရှိန်၊ ဇိဝိတိန်ကို၊
ညှိုးပိန်မသွေ၊ ခြွေသော်လည်းကောင်း၊
တစ်ကြောင်းမိုက်မည်း၊ သူ့ပစ္စည်းကို၊
ချုပ်တည်းမဲ့ငြား၊ ပြစ်မှားသဖြင့်၊
မသင့်ပချေ။
သူ့ဆွေဇနီး၊ ချစ်မငြီးနှင့်၊
ရောနှီးဆက်ဆံ၊ သုံးပါးကံမူ၊
စိမ်လောဘ၊ နသစ္စဟု၊


mgyoe.com

mgyoe.com SAMPLE BOOK

ယွင်းခွစကား၊ သူနှစ်ပါးကို၊
ခိုက်ပွားရန်စစ်၊ ဒေါသဖြစ်အောင်၊
ချောပစ်တစ်တန် မျက်မာန်ကြမ်းကြုတ်၊
ဖရုဿမျိုး အကျိုးမဲ့လျှင်း၊
ပိန်ဖျင်းဝါစာ၊ မိန့်မှာစတု၊
ဒေါသခုရှ်၊ ခြားသူ့ရိပ်ငြိမ်၊
စည်းစိမ်ခြွေရုံ၊ သူကောင်းကံကို၊
ဖိလှုံနှိပ်၊ ငါ့ဟာတိဟု၊
ဖြစ်ဘိစေလို၊ တဆိုအရေး၊
မကြံတွေးလိမ့်။ မိုက်မှေးတစ်ကြောင်း၊
စောင်းမြှောင်းငြူစူ၊ အယူမှောက်လှန်၊
မိစ္ဆာဉာဏ်နှင့်၊ သုံးတန်ကာယ၊
စသည်အားထုတ်၊ ကိုယ်,နှုတ်,နှလုံး၊ ဆောက်တည်သုံးကြ'။- ဟူလျက်

သမ္မာအာဇီဝေါ- အသက်မွေးဝမ်းကျောင်း ကြေးမောင်းခတ်ဆော် စည်တော် ရိုက်တီး၍ တစ်နေ့ ၃ ကြိမ် ပြည်သူတို့ကို ဆုံးမတော်မူရာသည်။

"အရှင်မင်းမြတ်။ လက်ရုံးအားကို အလိုရှိသောမင်းသည် ရန်ပို၍၊ ထိုပြည်သူတို့သော်လည်း လက်ရုံးမာန ကြီးခြင်းကြောင့် စည်းစိမ်မရှုည်။ ရန်သူ ၅ပါး ဆက်ဆံများလေသည်။ နှလုံးအားကိုး အလိုရှိသောတိုင်း၌ မင်းတို့၏ ပြည်သူသည် အပူသောက ကင်းခြင်းကြောင့် မိဘ, သား, မြေးစဉ်လာ သပြာ တောင်း,တင်းမကုန် ဆက်စံခံစားလျက် မပျက်စည်ထွန်း၍ ဘုရား စသော သူတော်ကောင်း အချီးအမွမ်း ခံရသည်။ ထိုသို့ ပညာရှိအမှာ ရှိပါသည်။

"ကျမ်းဂန်၌လည်း-

'ရက္ခသတဟဿနိ, ပုပ္ဖရက္ခောဝသောဘတိ, နရာနိသတတသဿာနိ, ရူပါဂန္ဓာဝသောဘတိ, ရူပသတသဟဿာနိ, ပညာဝန္တော။ ဝသော- ဘတိ။'


mgyoe.com

''ယင်းသို့ ကျမ်းဂန်လာသဖြင့် ပညာသာ အရင်းဖြစ်၍ မင်းကျင့်မကျွာ ပညာနှင့် တိုင်းပြည်ကို စောင့်ထိန်းရာသောအကြောင်း ကျမ်းဂန်လာပြန်သည် မှာလည်း-

'ခန္တာနိစ္စာယေတ္တေန, ဘယတ္တေန, ဒုက္ခာစတေ, အနတ္တာ, အသာရ ကတ္တေန, ဣတိပိသော ပုနပ္ပုနံ။' စသောပါဠိအရ၊

''ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ- ခါတ် ၄ ပါး ပြုပြင်နိုင်ခဲ့သည်ဖြစ်လျက် အစမထင် သံသရာသတ္တဝါတို့ ဝဋ်၌ အနိမ့်, အမြင့် စက်၏ပမာ တွေ့မြဲဓမ္မတာကို 'ငါမင်းတကား' ထောင် လွှားချေသော် ထိုပြည်သူတို့သည်လည်း သာသနာတော်မတည် မင်းအလို ရှိရာလိုက်၍ ကြမ်းတမ်းယုတ်မာ ဆိုးသွမ်းကြောင်းကို ကျမ်းဂန်ပြဆိုသည်။

'ပုတိမစ္ဆံ ကုသဂ္ဂေန, ယောနရောဥပနိယှတိ, ကုသာပိပုတိဝါယန္တိ, ဧဝံဗာလုပသေဝနာ။'

''ထိုသို့ကျမ်းလာ ရှေးပညာရှိအဆိုသော်ကား

'မင်းလည်းမင်းကြမ်း၊ အမတ်သွမ်းနှင့်၊

အကျွမ်းမိတ်ဝင်၊ သို့တည်းလျှင်မူ၊

ပြည်သူရိုပ္ပတ်။

မင်းတည်းမြတ်က၊ အမတ်ထိုးတူ၊

ပြည်သူမညှိုး၊ စစ်ထိုးမရှိ၊

ပရိသတ္တဝါ၊ ရေစာမရှား၊

ခိုးသားမပေါ်၊ မြင်မြော်သသူ၊

ကြည်ဖြူမြတ်နိုး၊ ရေခမိုးသို့'-ဟူလျက် ဆိုခဲ့လေသည်။

အများသာမိက[၁] အရှင်မင်းတို့မှာ ပညာသာအာဒိမူလဖြစ်၍ ဆိုလာ သောသူအား 'ရည်သွားတစ်ခု, လူမှုတစ်ရပ်, အမတ်ဂုဏ်ရည်, ဆိုသည် စသား။' ထို ၄ ပါးကို သိရာသောအကြောင်း ကျမ်းဂန်လာပြန်သည်ကား

'ကုဋ္ဌေသဥ္စ, ကုသဗန္ဓံ, ကုဗန္ဓဝံယဥ္စ, ကုရာဇဥ္စဒူရိတောပရိဝဇ္ဇယေ'။

၁။ သာမိက (ပါဠိ) = အရှင်နှင့်တူသော။

mgyoe.com

mgyoe.com SAMPLE BOOK

ယင်းသို့ အမတ်ပညာကျော် လောကီ၊ လောကုတ္တရာ-၂ ဖြာသော အကြောင်း ထုံးဟောင်းကျမ်းဂန်အထွက်နှင့် လျှောက်လေရာ၊ တောင်ငူမင်းတရားရွှေထီးသည် အလွန်ကြိုက်တော်မူ၍ အမတ်ပညာကျော်ကို ရွှေသပြာ ၁၀၀၊ ငွေသပြာ ၁၀၀၀ ဆု ပေးတော်မူသည်။

ပြည့်ရှင်မင်းသို့လည်း 'စောရန်နှင်' ဟူသော ဆင်နှင့် မြင်း ၂ စီး၊ မင်းစီးတန်ဆာအစုံ ပေးလေသည်။

ပြည့်ရှင်မင်းက စပါး ၁ သိန်း ၅ သောင်း ပေးလေ၍ သက္ကရာဇ် ၉၀၅ ခု တပေါင်းလဆန်း ၉ ရက်နေ့[၁] တောင်ငူမင်းတရားရွှေထီး ပြန်တော်မူလေသည်။

## ၃၄
## မဟာပညာကျော်လျှောက်ထုံး-၃

တစ်ရံရောအခါ ပြည့်ရှင် သာကီဝင် မင်းဖလောင်းက

"မြောက်ဦးမြို့သည် မင်းသက် ကုန်ပြီ။ ဓညဝတီမြို့ဟောင်းကို တည်ထောင်တော်မူသင့်ကြောင်း ဟူးရားဖြူ၊ ဟူးရားညိုတို့က လျှောက်ထားသည်။ ပြောင်းသော် မည်သို့အကျိုး ရှိမည်။ မပြောင်းလျှင် အပြစ် မည်သို့ ပေးမည်။ များကို မေးတော်မူရာ၊

အမတ်ပညာကျော် လျှောက်ထုံးသော်ကား

"အရှင်မင်းမြတ်။ ရှေးပညာရှိတို့ဆိုခဲ့သော ထီးနန်းစိုက်ရာ စက် ၄ ပါး ညီသော အောင်မြေမင်္ဂလာ ထွန်းရာအရပ်၌ မြို့တည်၍ ထီးနန်း စိုက်ရလေသော်၊

မြတ်စွာဘုရား ဓာတ်တော်၊ မွေတော်၊ ပိဋကတ်ကျမ်းဂန်၊ သီလဝန်၊ ဂုဏဝန်၊ မျိုးကောင်းမတ်ကောင်း ပြည့်စုံ၍ သာသနာတော်ထွန်းလင်း၊ ပြည့်ရှင်မင်းဘုန်း၊ ကျက်သရေတိုးခြင်း။

"ကာလာဝက၊ ကင်္ဂေယျ၊ တမ္ဗ၊ ပိင်္ဂလ စသော ဆင် ၁၀ မျိုးထက် တန်ခိုးလွန်သော ဆင်ဖြူ ရောက်လာခြင်း။

---

၁။ ခရစ်နှစ် ၁၅၄၄ ခု ဇန်နဝါရီလ ၃၁ ရက်။

mgyoe.com

SAMPLE BOOK

''သတ္တရာဇဥ္ဘော-၇ ပြည်ထောင်သောမင်းတို့ ကြည်ညိုဖူးရောက် သားသမီးတို့ကို ဆက်သ၍ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ပွားများခြင်း။

''ဓေယျံ-ရန်သူ မဖျက်ဆီးနိုင်ရာ ရန်အောင်မြင်ခြင်း။

''ပညာရှိတို့မှာသော စကားထုံးအရ 'ပထဝီ ဘုမ္မိမင်္ဂလံ စတုမဟာ လာဘံ'- ကျမ်းဂန်၌လည်း ထွက်ရှိပါသည်။

''မြောက်ဦးမြို့တော် တည်စကသည် ယခုတိုင် ရန်သူ ဖျက်ဆီးနိုင်ဖူး သည် မရှိပါ။ ထို အင်္ဂါ ၄ ပါး ပြည့်စုံစွာနှင့် တိုင်းပြည်သာယာ သတ္တဝါတို့ ငြိမ်းချမ်း ဥတုရာသီဖြောင့်ညီလျက်၊ သာသနာတော် ထွန်းလင်းလျက် ဖြစ်ပါ သည်။

သတ္တဝါတို့က တရားလွတ်လေ၍ မင်းမသမာစိုးလာသော် မြို့ရွာကို ပြောင်းသည်မှူလျက် သာယာမြဲ မဟုတ်။ 'မြို့ပြောင်းများလျှင် ပြည်သားပြည်သူ မီးသို့ ဆူသည်သာ။'- ရှေးသူဟောင်း အဆိုရှိပါသည်။ ငြိမ်းချမ်းသာယာစွာ ပြည်သူတို့အား ရင်တော်သားကဲ့သို့ အုပ်စိုးစံတော်မူပါ။ တစ်ကြောင်းမှာလည်း

'အာကာမိုးလပ်၊ နက္ခတ်၊ နေ၊ လ၊
နဝတာရာ၊ ရှစ်ဖြာဂြိုဟ်သား၊
ဂြိုဟ်စား ဂြိုဟ်စု၊ ဥတုသုံးလီ၊
ရာသီသုံးရပ်၊ နေကြတ်လပုပ်၊
မြေလှုပ်တော်လည်း၊ နတ်ပွဲ၊ အမြောက်၊
ပစ်ဖောက်အသံ၊ ဥက္ကာပျံနှင့်၊
သည်းထန်မိုးစွေ၊ နေလည်းနှစ်စင်း၊
လထွင်းကြယ်သွား၊ နဂါးစက်နတ်၊
ထောင့်ခတ်ဖီလာ၊ ယတြာနှင့်၊
ဇာတာစန်းလဂ်၊ ဂြိုဟ်ပျက်ငှက်ယုတ်၊
စုန်းဖုတ်တစ္ဆေ၊ ဖွတ်၊ မြွေ၊ ပျားစွဲ၊
မြေခွဲတိမ်ခိုး၊ မိုးကြိုးလောင်မီး၊
ရေစီးညာဆန်၊ မြတ်မွန်ပုထိုး၊
အခိုးရောင်ခြည်၊ ထွက်သည်ထုံးဟောင်း၊


mgyoe.com